# ကြိုတင်တည်းဖြတ်မထားသော အစီရင်ခံစာ

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်
၁၉ ရက်၊ စက်တင်ဘာလ၊ ၂၀၂၃ ခုနှစ်

မူရင်းဘာသာစကား - အင်္ဂလိပ်စာ

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**

**ငါးဆယ့်လေးကြိမ်မြောက် အစည်းအဝေး**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၊ ၁၁ ရက် - အောက်တိုဘာလ၊ ၆ ရက်

အစီအစဉ် အမှတ် ၂ နှင့် အမှတ် ၄

**ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်**

**ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးနှင့် ကုလမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်တို့၏ အစီရင်ခံစာများ**

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အထူး အာရုံစိုက်မှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေများ**

## မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ အစီရင်ခံစာ*

*အနှစ်ချုပ်*

၅၀ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး၏ ဆုံးဖြတ်ချက် အမှတ် A/HRC/RES/၅၀/၃ နှင့်အညီ ရေးသားထားသော ဤအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ အတွင်း မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ဦးတည်ရာနှင့် ပုံစံတူ အခင်းအကျင်းများကို ထည့်သွင်း ဖော်ပြထားပါသည်။ ဤအစီရင်ခံစာတွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု၊ မြေပြင် စစ်ဆင်ရေးများနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် အရပ်သား လူထု အပေါ် သက်ရောက်မှု ရှိသော အခင်းအကျင်းများအား အထူးပြု မှတ်တမ်းတင်ထားပြီး စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ထို့အပြင် ရိုဟင်ဂျာ လူမှု အသိုက်အဝန်း၏ လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုပါ ထပ်လောင်း ဖော်ပြထားသည်။ မြန်မာစစ်တပ်၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝန်း ထံသို့ အကြံပြု တိုက်တွန်းချက်များ ပေးထားပါသည်။

* လတ်တလော ဖြစ်ပျက်မှုများကို ထင်ဟပ်ဖော်ပြနိုင်ရန် အတွက် လက်ရှိ အစီရင်ခံစာကို နောက်ဆုံး သတ်မှတ်ရက် အပြီးတွင် တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

# ၁။ အဖွင့်မိတ်ဆက်နှင့် နည်းစနစ်

၁။ လူ့အခွင့်အရေး ကောင်စီ အစည်းအဝေး ဆုံးဖြတ်ချက် အမှတ် A/HRC/RES/49/23 အရ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီသည် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးအား မြန်မာ နိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေအား ချိုးဖောက်သည့် အပေါ် တာဝန်ခံမှု ရှိစေရေး အတွက် အထူးပြုလျက် လူ့အခွင့်အရေး အခြေအနေ အလုံးစုံအား စောင့်ကြည့်ရန်နှင့် ဆန်းစစ်လေ့လာရန် အပြင် လက်ရှိ အကျပ်အတည်းအား ဖြေရှင်းနိုင်မည့် လိုအပ်သော ထပ်တိုး အဆင့်များအား အကြံပြုရန် တာဝန်ပေး တောင်းဆိုခဲ့ပါသည်။ ကောင်စီ အစည်းအဝေး အရ အခြေအနေ အရပ်ရပ်အား ခြုံငုံ သုံးသပ်ထားသော အစီရင်ခံစာ တစ်ရပ်ကို ၅၄ ကြိမ်မြောက် ကောင်စီ အစည်းအဝေးတွင် ရှင်းလင်းတင်ပြရန် တောင်းဆိုခဲ့ပါသည်။

၂။ ဤအစီရင်ခံစာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက်နေ့ အထိ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး(OHCHR) ၏ အဝေးမှ စောင့်ကြည့်လေ့လာခြင်း နှင့် စိစစ်ခြင်း လုပ်ငန်းစဉ်များမှ တွေ့ရှိချက်များကို တင်ပြထားပါသည်။ ၎င်းသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် သက်ဆိုင်ပါက နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ချိုးဖောက်မှုနှင့် ဆက်စပ်သည့် ဦးတည်ရာနှင့် ပုံစံတူ အခင်းအကျင်းများကို ဆန်းစစ်ကာ ၎င်းမှ အချို့သော ချိုးဖောက်မှုများသည် နိုင်ငံတကာ ဥပဒေ အရ ရာဇဝတ်မှု မြောက်ခြင်း ရှိမရှိကို ဆန်းစစ်ပါသည်။ အဆိုပါ ချိုးဖောက်မှုများ အနက် အဆိုးရွားဆုံး အချက်များမှာ မြန်မာစစ်တပ်က အရပ်သားများအား သတ်ဖြတ်ခြင်း၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးစေခြင်း၊ လူသားချင်း စာနာမှု အကူအညီပေးမှု အပေါ် တားဆီး ပိတ်ပင်ခြင်းနှင့် ရိုဟင်ဂျာများ အပေါ် စနစ်တကျ အလွန်အမင်း ခွဲခြားဆက်ဆံခြင်းတို့ ပါဝင်ပါသည်။

၃။ အစီရင်ခံတင်ပြသည့် ကာလအတွင်း ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အကြောင်းအရာ အလိုက် ကျွမ်းကျင်သူများ သာမက အခြား သက်ဆိုင်သူများနှင့် ပုံမှန် ဆွေးနွေးမှုများ၊ ပူးပေါင်း ဆောင်ရွက်မှုများ အပါအဝင် ပင်မ သတင်းရင်းမြစ်နှင့် ဒုတိယတန်းစား ရင်းမြစ်များဖြင့် တွေ့ဆုံ မေးမြန်းမှု ၁၆၁ ကြိမ်အပေါ် အခြေခံ၍ ဤအစီရင်ခံစာအား ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။ ဂြိုလ်တုဓာတ်ပုံများနှင့် တရားဝင် စာရွက်စာတမ်းများ ကဲ့သို့ အခြား ပင်မ သတင်းရင်းမြစ်များအား ခွဲခြမ်းစိတ်ဖြာခြင်း သာမက သတင်းမီဒီယာနှင့် ဆိုရှယ်မီဒီယာများအား စနစ်တကျ စောင့်ကြည့် လေ့လာခြင်းသည် ဤအစီရင်ခံစာ၏ တွေ့ရှိချက်များကို အထောက်အကူ ဖြစ်စေပါသည်။ OHCHR သည် မြန်မာစစ်တပ် အာဏာပိုင်များ[1]၊ အမျိုးသား ညီညွတ်ရေး အစိုးရ[2]နှင့် အဓိက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထံသို့ သိလိုသော အကြောင်းအရာများအား ပေးပို့ခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တိုင်ကြားတင်ပြသူ တစ်ဦးချင်း၏ ပုဂ္ဂိုလ်ရေး လုံခြုံမှု အပေါ် အလွန်အမင်း စိုးရိမ်ရသည် ဖြစ်ရာ ဤအစီရင်ခံစာသည် အခြား ထည့်သွင်း စဉ်းစားချက်များထက် “Do No Harm” ထိခိုက်နစ်နာမှု မရှိစေရေးမူအား အပြည့်အဝ လေးစားမှု အပေါ် ဦးစားပေးထားသည်။ သက်ဆိုင်ရာ ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ရန် ဆီလျော်သော အကြောင်းပြချက်များ ရှိသည့် အဖြစ်အပျက်များနှင့် ပုံစံတူ

[1] မြန်မာစစ်တပ်အား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဦးဆောင်သည်။

[2] အမျိုးသား ညီညွတ်ရေး အစိုးရအား သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်သည်။ အစီရင်ခံစာ အမှတ် A/HRC/48/67၊ အပိုဒ် 70-72 တို့အား ဆက်လက် ကြည့်ရှုပါ။

ဖြစ်စဉ်များကို လက်တွေ့ အချက်အလက်များ အပေါ် အခြေခံ၍ ဆန်းစစ် လေ့လာခဲ့ပါသည်။ သေဆုံးမှု ကိန်းဂဏန်းများသည် မြေပြင်ရှိ အမှန်တကယ် အခြေအနေများထက် လျော့နည်း ဖော်ပြမိျုး ဖြစ်နိုင်ပါသည်။ ဤအစီရင်ခံစာ အရ အရပ်သား သို့မဟုတ် တိုက်ပွဲမဝင်နိုင်တော့သူ (*Hors de combat*) ၁၀ ဦးထက် မနည်း အသတ်ခံရသည့် ဖြစ်ရပ် တစ်ခုစီကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းဟု မှတ်ယူပါသည်။

၄။ ဤအစီရင်ခံစာသည် လေကြောင်း တိုက်ခိုက်မှုများ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ နှင့် ရွာများကို မီးရှို့ခြင်း အပါအဝင် အရပ်ဘက် စစ်ဘက် မခွဲခြားဘဲ အရပ်သားများကို စနစ်တကျ တိုက်ခိုက်မှုများမှ ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေးနှင့် အကာအကွယ်ပေးမှုနှင့် ဆက်စပ်သည့် စိုးရိမ် ပူပန်ဖွယ်ရာ အခြေအနေများအား အထူး အလေးပေး ဖော်ပြထားပါသည်။ မြန်မာစစ်တပ်က အရပ်သား ပြည်သူလူထု အပေါ် စစ်ရေးအရ တိုက်ခိုက်မှုများ ပြင်းထန်လာမှုနှင့် ရက်စက် ကြမ်းကြုတ်မှုများ အတွက် အပြစ်ပေး အရေးယူမှု မရှိသလို ၎င်းလုပ်ရပ်များမှာ အချိန်နှင့်အမျှ များလာကြောင်းလည်း ဤအစီရင်ခံစာက ဖော်ပြနေပါသည်။ စစ်ရေး ဆောင်ရွက်ချက်များသည် လူသားချင်း စာနာမှုအရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ဆိုင်ရာ အကျပ်အတည်းများအား အပြန်အလှန် ချိတ်ဆက် ဖြစ်ပေါ်စေသလို မြန်မာနိုင်ငံရှိ ပြည်သူလူထုက မခံထမ်းနိုင်သည့် နစ်နာ ဆုံးရှုံးမှုများလည်း ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ဤအစီရင်ခံစာ၌ ရိုဟင်ဂျာ အသိုက်အဝန်း၏ လူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ တွေ့ရှိချက်များကို တင်ပြထားပြီး တာဝန်ခံမှု၊ ဘေးကင်း လုံခြုံမှု၊ နိုင်ငံသား ဖြစ်ခွင့်နှင့် အခြေခံ လွတ်လပ်ခွင့်များ အပါအဝင် စနစ်တကျ ခွဲခြားဆက်ဆံမှု ဆိုင်ရာ ကိစ္စရပ်များအား ဖြစ်ပေါ်စေသည့် ပြဿနာ၏ ဇစ်မြစ်များအား ဖြေရှင်းရာတွင် တိုးတက် ပြောင်းလဲမှု မရှိကြောင်း ထပ်လောင်း ဖော်ပြထားပါသည်။

၅။ မြန်မာနိုင်ငံ၏ လူမှုဘဝ ကဏ္ဍအားလုံးသည် စစ်ရေး အကြမ်းဖက်မှုကြောင့် အဆုံးမရှိသော ဝဲဂရက် အတွင်း၌ ပိတ်မိနေပါသည်။ စစ်အာဏာသိမ်းပြီး နောက်ပိုင်း OHCHR သည် မြန်မာ့ လူ့အခွင့်အရေး အကျပ်အတည်း၏ ဆင့်ကဲဖြစ်စဉ်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ သာမက အရပ်သားများအား အကာအကွယ်ပေးခြင်း ဆိုင်ရာ ကိစ္စများ အပေါ် လုံးဝ အရေးမစိုက်သည့် အခြေအနေကို အမြဲတစေ စုံစမ်းတင်ပြနေပါသည်။ မြန်မာစစ်တပ်သည် အာဏာ ဖီဆန်သူများနှင့် အရပ်သား ပြည်သူလူထု တစ်ရပ်လုံး အပေါ် အကြမ်းဖက်နည်းများ အသုံးချမှုအပေါ် စိတ်ဖြာ လေ့လာရာတွင် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်မှု အရေအတွက်၊ အမျိုးအစား၊ အင်အား အသုံးချမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့သည် စဉ်ဆက်မပြတ် တိုးမြင့်လာသည့် ပုံစံတူ အခင်းအကျင်းများအား ရှင်းလင်းစွာ တွေ့ရှိရပါသည်။ အာဏာသိမ်းပြီး များမကြာမီတွင် မြန်မာ စစ်တပ်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တရားလက်လွတ် ကန့်သတ်ပိတ်ပင်နိုင်ရေး အတွက် အကြောင်းပြချက် ပေးနိုင်ရန်နှင့် ထောင်ပေါင်း များစွာသော တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား မျှတသော တရားရေး လုပ်ထုံးလုပ်နည်းနှင့် တရားရေးဆိုင်ရာ အခွင့်အရေးများ မရနိုင်စေရန် ဥပဒေ မူဘောင်အား တစ်ဖက်သတ် ပြင်ဆင်ခြင်းနှင့် လက်နက်သဖွယ် အသုံးချခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့၏ နည်းဗျူဟာသည် စနစ်တကျ ပစ်မှတ်ထား သတ်ဖြတ်ခြင်းနှင့် အစုလိုက် အပြုံလိုက် ဖမ်းဆီးခြင်း အဖြစ်သို့ အလျင်အမြန် ကူးပြောင်းသွားကာ ဖမ်းဆီး ထိန်းသိမ်းထားစဉ် ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် လူအများအပြား သေဆုံးခြင်းသို့ ဦးတည်သွားပါသည်။

၆။ မြန်မာ စစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်သည်ဟု ထင်မြင်ယူဆသည့် မည်သည့် အတိုက်အခံကိုမဆို ရက်စက်ကြမ်းကြုတ်စွာ ချေမှုန်းခြင်းဖြင့် ဖြေရှင်းသည့် နည်းလမ်းကို ပိုမို အသုံးချလာပါသည်။ မြန်မာ စစ်တပ်သည် ရပ်ရွာများနှင့် အခြား လူနေထူထပ်သော နေရာများအား လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ရွာများကို မီးရှို့ခြင်း၊ ကွပ်မျက်သတ်ဖြတ်ခြင်း၊

ညှင်းပန်းနှိပ်စက်ခြင်း၊ မတရား ဖမ်းဆီးခြင်း၊ အစဖျောက်ခြင်း၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများ တိုးစေခြင်း၊ လူသားချင်း စာနာမှု ကူညီခွင့်အား ကန့်သတ်ပိတ်ပင်ခြင်းနှင့် ဖိနှိပ်ခြင်းကို ပိုမို ဆောင်ရွက်လာပါသည်။ ဖြစ်စဉ်ဖြစ်ရပ်များ အရ ဖော်ပြပါ ကျူးလွန်မှုများသည် လူသားမျိုးနွယ် အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ နှင့်/သို့မဟုတ် စစ်ရာဇဝတ်မှုများ အဖြစ် မှတ်ယူကောင်း မှတ်ယူနိုင်ပါသည်။[3]

၇။ မြန်မာစစ်တပ်သည် ဂျက်လေယာဉ်များနှင့် စစ်သုံး ရဟတ်ယာဉ်များကို အားပြု အသုံးချမှု မြင့်မားလာချိန်တွင် အကြမ်းဖက်မှုများ ပိုမို မြင့်မားခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း စစ်ကိုင်းတိုင်း ဒေသကြီး၊ ပါဇီကြီးရွာအား လေကြောင်း တိုက်ခိုက်မှု ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ရာ ၎င်းဖြစ်စဉ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ နှောင်းပိုင်း အသေအပျောက် အများဆုံး ဖြစ်ရပ် တစ်ခု အဖြစ် မှတ်တမ်းဝင်ခဲ့သည်။[4] မြန်မာစစ်တပ်သည် လေတပ်အင်အားနှင့် လက်နက်ခဲယမ်းများအား တိုးမြှင့် အသုံးချလာမှုသည် ပြည်ပနိုင်ငံများမှသာ ဝယ်ယူနိုင်သော လက်နက်ကြီးများနှင့် စစ်သုံး ပစ္စည်းများ အပေါ်တွင် စစ်တပ်၏ မှီခိုအားထားမှု ကြီးထွားလာခြင်းကို ပြသခဲ့ပါသည်။[5] ထိုသို့ လုပ်ဆောင်ရန် မြန်မာစစ်တပ်သည် စစ်ဘက်ဆိုင်ရာ ကိရိယာများ၊ ထောက်ပံ့ရေး ဝန်ဆောင်မှုနှင့် လေယာဉ်သုံး လောင်စာဆီများကို ဝယ်ယူရေး အတွက် နိုင်ငံခြားငွေကို မှီခိုအားထားနေရပါသည်။ ယခုအချိန် အထိ ပစ်မှတ်ထား အရေးယူ ဆောင်ရွက်ချက်များသည် မြန်မာ စစ်တပ်၏ ထိုးစစ် စွမ်းရည်ကို ကျဆင်းစေသည့် အောင်မြင်မှု အချို့ကို ပြသခဲ့ပြီး အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများ ဆက်လက် လုပ်ဆောင်နေသည့် မြန်မာ စစ်တပ်၏ စွမ်းဆောင်ရည်ကို ကန့်သတ်ရန် အတွက် ဤကဲ့သို့သော ကျယ်ကျယ်ပြန့်ပြန့်၊ ခိုင်မာပြီး အဓိပ္ပာယ်ရှိသော နိုင်ငံတကာ အရေးယူမှုများမှာ အရေးတကြီး လိုအပ်နေကြောင်း အကြံပြုထားသည်။

၈။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အုပ်စုများက ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများအပေါ် စိုးရိမ်မှုများ ရှိလာပါသည်။ ၎င်းတို့သည် မြန်မာစစ်တပ် ကျူးလွန်သည့် ချိုးဖောက်မှုများ၏ အတိုင်းအတာ၊ အချိုးအစား သို့မဟုတ် နယ်ပယ်ရပ်ဝန်းနှင့် နှိုင်းဆ၍ မရနိုင်သော်လည်း ၎င်းတို့၏ ချိုးဖောက်မှုများသည် အရပ်သား လူထု၏ ဘေးကင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်ပူပန်မှုများအား ပိုမို တိုးပွားစေသည်။ ဤအခြေအနေတွင် အမျိုးသား ညီညွတ်ရေး အစိုးရနှင့် သက်ဆိုင်ရာ လက်နက်ကိုင် အဖွဲ့များသည် ၎င်းတို့၏ ထိန်းချုပ်မှု အောက်ရှိ သက်ဆိုင်ရာ တပ်ဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် အရေးယူ ဒဏ်ခတ်ခံရမှုမှ ကင်းဝေးနေခြင်း အပေါ် ပြတ်သားစွာ အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၂။ မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများ

၉။ ဇူလိုင်လ၊ ၃၁ ရက်နေ့အထိ မြန်မာစစ်တပ်၏ လက်ချက်ကြောင့် အရပ်သားနှင့် တိုက်ပွဲဝင် စစ်သည် မဟုတ်သူ အနည်းဆုံး ၃,၈၅၇ ဦး သေဆုံးခဲ့ပြီး သေဆုံးသူများတွင် အမျိုးသမီး ၆၁၀ ဦးနှင့် ကလေး ၃၇၆ ဦး ရှိကြောင်း ခိုင်လုံသော သတင်းရင်းမြစ်များက အတည်ပြု ဖော်ပြခဲ့သည်။ မြန်မာ စစ်တပ်ကို ဆန့်ကျင်မှုကြောင့် လူပေါင်း ၂၄,၁၂၃ ဦး ဖမ်းဆီးခံခဲ့ရပြီး ၁၉,၇၃၃ ဦးမှာ ဆက်လက်

[3] ဖော်ပြပါ အစီရင်ခံစာ အမှတ်စဉ်များအား လေ့လာနိုင်ပါသည်။ inter alia, A/HRC/53/52; A/HRC/52/21; A/HRC/51/41; A/HRC/49/72; A/HRC/48/67.

[4] ပါဇီကြီး ဖြစ်ရပ် အမည်ရှိ အခန်းတွင် အသေးစိတ် ဖတ်နိုင်ပါသည်။

[5] https://www.ohchr.org/en/press-releases/2023/05/un-expert-exposes-1-billion-death-trade-myanmar-military

ထိန်းသိမ်းခံထားဆဲ ဖြစ်သည်။[6] မြန်မာ စစ်တပ်သည် အရပ်ဘက် ဥပဒေ ပြဋ္ဌာန်းချက်များကို ကျော်လွန်၍ အရေးပေါ် ကာလသက်တမ်းကို ဆက်တိုက် တိုးမြှင့်နေခဲ့သည်။ မြို့နယ် ၄၇ ခုသည် စစ်အုပ်ချုပ်ရေး အောက်တွင် ရှိနေဆဲ ဖြစ်ပြီး စစ်တပ် ဆန့်ကျင်သူများသည် သေဒဏ် အပါအဝင် အခြား တိုးမြှင့်ပြစ်ဒဏ်များ ခံရနိုင်သည့် အခြေအနေတွင် ရှိနေပါသည်။ မြန်မာ စစ်တပ် ထိန်းချုပ်ထားသော တရားရုံးများသည် အကြမ်းဖက်မှု တိုက်ဖျက်ရေး အမည်ခံ၍ စာသင်ကျောင်း ဖွင့်ခြင်းကဲ့သို့သော ပရဟိတ လုပ်ငန်းများ အတွက် ဆယ်စုနှစ်များစွာ ကြာအောင် ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ လူပေါင်း ၁၅၉ ဦးကိုလည်း စစ်ဘက် ထိန်းချုပ်သော တရားရုံးများက သေဒဏ် ချမှတ်ခဲ့ကာ ၎င်းတို့မှ လေးဦးကို ကွပ်မျက်သတ်ဖြတ်ခဲ့သည်။ နိုင်ငံရေး အကျဉ်းသားများသည် တုန်လှုပ်ဖွယ်ရာ အခြေအနေအောက်၌ ဖမ်းဆီးထိန်းသိမ်းခံနေရဆဲ ဖြစ်ပြီး အကျဉ်းထောင်များ အတွင်း သို့မဟုတ် အကျဉ်းထောင် ကူးပြောင်းချိန်တွင် ညှင်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် သေဆုံးမှုများ ရှိကြောင်း သတင်းပေးချက်များကို ပုံမှန် လက်ခံရရှိနေပါသည်။ လက်တွေ့တွင် ပြောပလောက်အောင် သက်ရောက်မှု မရှိသော ခြေလှမ်းတစ်ရပ် အဖြစ် မြန်မာ စစ်တပ်သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ အတွင်း သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို စစ်ဘက် ထိန်းချုပ်ထားသော တရားရုံးများမှ နှစ်ရှည် ထောင်ဒဏ်များအား လျှော့ပေါ့ပေးခဲ့သည်။

၁၀။ အာဏာသိမ်းပြီးနောက်ပိုင်း အကြမ်းဖက်မှုများကြောင့် မြန်မာနိုင်ငံ အတွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူ ဦးရေ ၁.၆ သန်းနီးပါး ရှိပြီး စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် ထွက်ပြေးရသူ တစ်သန်းကျော်ရှိကြောင်း သိရသည်။[7] လက်ရှိအချိန်တွင် လူတစ်ဦးချင်း ပြည်တွင်း အသားတင် ကုန်ထုတ်မှုနှုန်းသည် ကိုဗစ် ကပ်ရောဂါ မဖြစ်ပွားမီ အဆင့်အောက်သို့ ကျဆင်းနေပြီး ငွေကြေးဖောင်းပွမှုနှုန်းလည်း ၂၀ ရာခိုင်နှုန်း အထိ ရောက်နေသည် ဖြစ်ရာ မြန်မာ လူထုသည် မရေရာသော စီးပွားရေး အခြေအနေကို ရင်ဆိုင်နေရပါသည်။[8] ထို့ကြောင့် လူဦးရေ ၁၅.၂ သန်းသည် အလယ်အလတ် သို့မဟုတ် အလွန်အမင်း စားနပ်ရိက္ခာ လုံခြုံမှုမရှိဟု ခန့်မှန်းရပြီး လွန်ခဲ့သော တစ်နှစ်နှင့် နှိုင်းယှဉ်ပါက စားနပ်ရိက္ခာ မလုံလောက်မှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားသည့် အိမ်ထောင်စုအရေအတွက် နှစ်ဆနီးပါးရှိသည်။[9]

## က။ လေကြောင်းတိုက်ခိုက်မှုများ

၁၁။ အစီရင်ခံသည့် ကာလတွင် စစ်ရေးအရ လေကြောင်းတိုက်ခိုက်မှုများ သိသိသာသာ တိုးလာခဲ့ပါသည်။ အများသူငါ ရရှိနိုင်သည့် သတင်းအရင်းအမြစ်များ အပေါ် ဆန်းစစ် သုံးသပ်ချက် အရ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ ၂၀၂၂ ခုနှစ်၊ မတ်လ အကြား လေကြောင်း တိုက်ခိုက်မှု ၃၀၁ ကြိမ်နှင့် နှိုင်းယှဉ်လျှင် အစီရင်ခံသည့် ကာလအတွင်း ၆၈၇ ကြိမ် တိုက်ခိုက်ခဲ့ပါသည်။ ခိုင်လုံသော သတင်းရင်းမြစ်အရ မြန်မာစစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၈၁ ဦး သေဆုံးခဲ့ပြီး အရပ်သားနေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေး အဆောက်အအုံများနှင့် လူစုလူဝေး အခမ်းအနားများမှာလည်း ဗုံးကြဲ တိုက်ခိုက်ခံရနိုင်ကြောင်းကို စိုးရိမ်ပူပန်နေကြသော အရပ်သား လူထုအကြား အကြောက်တရား ကြီးစိုးခဲ့ပါသည်။ ယခင်က နိုင်ငံ၏ အရှေ့မြောက်နှင့်

6 https://aappb.org/?p=25720

7 https://data.unhcr.org/en/situations/myanmar

8 https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-january-2023-navigating-uncertainty

9 https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-31-15-july-2023

အရှေ့တောင်ပိုင်း ဒေသ၊ အထူးသဖြင့် ကချင်၊ ကယားနှင့် ကရင် ပြည်နယ်တို့သည် လေကြောင်းတိုက်ခိုက်ခံရမှု အများဆုံး ဒေသများ ဖြစ်ခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသများ၌ လေကြောင်းတိုက်ခိုက်မှု ၇၈ ကြိမ်မှ ၃၃၁ ကြိမ် အထိ များလာရာ ၃၂၄ ရာခိုင်နှုန်း တိုးလာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ လေကြောင်း တိုက်ခိုက်မှု ၃၃၁ ကြိမ်တွင် စစ်ကိုင်းတိုင်း ဒေသကြီး တစ်ခုတည်း၌ လေကြောင်းတိုက်ခိုက်မှု ၂၅၈ ကြိမ်ရှိခဲ့ရာ ၎င်းဒေသသည် တစ်နိုင်ငံလုံး လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း အတိုင်းအတာ၏ ၃၉ ရာခိုင်နှုန်း ရှိပါသည်။ အခြေအနေ အတော်များများတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ရရှိသော ဒဏ်ရာများ အတွက် ဆေးကုသခွင့်ကို စနစ်တကျ ပိတ်ပင်သည့် အစီအမံများဖြင့် ပေါင်းစပ်ထားသည် ဖြစ်ရာ ၎င်းသည် နောက်ထပ် စိုးရိမ်ဖွယ်ရာ တစ်ချက် ဖြစ်ပါသည်။

## ၁။ ပါဇီကြီး

၁၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ၊ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူ မြို့နယ်၊ ပါဇီကြီး ကျေးရွာ၌ အရပ်သား အများစု နေထိုင်သည့် စုဝေးပွဲအား မြန်မာစစ်တပ်က စစ်လေယာဉ်ဖြင့် အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ရာ အာဏာသိမ်းပြီး နောက်ပိုင်း လေကြောင်း တိုက်ခိုက်မှု တစ်ခု အတွင်း သေဆုံးသူ ဦးရေ အများဆုံး ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ အမျိုးသမီး ၁၉ ဦး၊ မိန်းကလေး ၂၁ ဦး၊ ယောကျ်ားလေး ၁၄ ဦး အပါအဝင် အရပ်သား သေဆုံးမှု ၁၅၀ ရှိကြောင်း ခိုင်မာသော သတင်းရင်းမြစ်များက အတည်ပြုခဲ့သည်။ ထို့အပြင် အဆိုပါ တိုက်ခိုက်မှုအတွင်း စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များနှင့် ဆက်နွယ်သူ ဒေသခံ ၁၈ ဦး သေဆုံးခဲ့သည်။[10]

၁၃။ မြန်မာ စစ်တပ်သည် OHCHR အား တုံ့ပြန်ဖြေကြားရာ၌ လေကြောင်း တိုက်ခိုက်မှုများအား အကန့်အသတ်ဖြင့် အဆင့်အမြင့်ဆုံးထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။ “အရပ်ဝတ်တွေနဲ့ အကြမ်းဖက်သူတွေကို ထောက်ပံ့သူတွေလည်း ရှိနိုင်တယ်။ အကြမ်းဖက်မှု တန်ပြန်ရေး ဥပဒေ အရ အရပ်ဝတ် ဝတ်ဆင်သော်လည်း အကြမ်းဖက် လုပ်ရပ်အား ကျူးလွန်သူ၊ ကျူးလွန်ရန် ကြိုးပမ်းသူ၊ ကူညီသူ၊ လှုံ့ဆော်သူများ သို့မဟုတ် ပါဝင်သူတွေကို ကြံရာပါ အဖြစ် စီရင်ပိုင်ခွင့် ရှိတယ်။”ဟု ၎င်းက ထည့်သွင်း ပြောကြားခဲ့သည်။ ၎င်းတို့၏ ထုတ်ပြန်ကြေညာချက် အရ နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ ဥပဒေ အောက်တွင် မည်သူက အကာအကွယ် ဆုံးရှုံးသွားသည်ကို ဆုံးဖြတ်ရန် မရေရာသော ပြည်တွင်း ရာဇဝတ် ဥပဒေစံနှုန်းကို မှားယွင်းစွာ ဖော်ပြထားသည် ဖြစ်ရာ မြန်မာစစ်တပ်သည် အရပ်ဘက် စစ်ဘက် ခွဲခြားသတ်မှတ်ရေး အခြေခံမှု (principle of distinction) နှင့် ဆက်စပ်၍ အလွန်အမင်း နားလည်မှု လွဲနေကြောင်း တွေ့ရပါသည်။ အကြမ်းဖက်သမားများသည် တိုက်ခိုက်မှု ဖြစ်ပွားရာ နေရာ တစ်ဝိုက်တွင် မိုင်းကွင်း တစ်ခု ချခဲ့ကြောင်း၊ ဖောက်ခွဲရေး ပစ္စည်းများကို အဆောက်အအုံ အတွင်း၌ သိမ်းဆည်းထားကြောင်း၊ ၎င်းဖောက်ခွဲရေး ပစ္စည်းများ ပေါက်ကွဲမှုကြောင့် လူသေဆုံးမှု ထပ်တိုးဖြစ်ပွားခဲ့ကြောင်း စစ်တပ် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

၁၄။ လူအများသည် ရွာအစွန်၌ ဒေသ အခြေပြု အဆောက်အအုံ တစ်ခု ဖွင့်လှစ်ရန် ထိုနေ့တွင် စုဝေးခဲ့ကြောင်း ပါဇီကြီး ဒေသရှိ အင်တာဗျူး ဖြေကြားသူများက ပြောကြားခဲ့သည်။[11] အသက်ရှင်

[10] https://airtable.com/shrYUbzQe1hKXQ68x/tblswChRJGSzJWr7k

[11] မြန်မာစစ်တပ်က ၎င်းအဆောက်အအုံအား “အန်ယူဂျီ ဌာနချုပ်တွေ”ဟု ပုံဖော်ခဲ့သော်လည်း အမျိုးသား ညီညွတ်ရေး အစိုးရက ၎င်းသည် ကျေးရွာ အုပ်ချုပ်ရေးရုံး တစ်ခုသာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းသည် အာဏာသိမ်းပြီး နောက်ပိုင်း ကြီးကြပ်စောင့်ကြည့်ရေးနှင့် ရပ်ရွာကိစ္စ အခြေအတင် ဖြစ်မှုများအား ဆောင်ရွက်ပေးသည့် ဒေသခံ လုံခြုံရေး အဖွဲ့တို့ အခြေစိုက်သည့် ရပ်ရွာအခြေပြု အဆောက်အအုံ တစ်ခု၏ ဖွင့်ပွဲသာ ဖြစ်ကြောင်း မျက်မြင် ကိုယ်တွေ့များက ဆိုခဲ့သည်။

ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများ၏ အဆိုအရ ၎င်းတို့သည် အခမ်းအနားတက်သူများကို စားသောက်ဖွယ်ရာများဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း၊ သက်ကြီး ရွယ်အိုများနှင့် ကလေးများသည် အဆောက်အအုံ အတွင်းနှင့် အနီးအနားတွင် ရှိခဲ့ကြောင်း ပြန်ပြောင်း ပြောကြားခဲ့သည်။ နံနက် ၇ နာရီ ၄၀ မိနစ်တွင် Yak-130 အမျိုးအစား စစ်လေယာဉ် တစ်စင်းသည် ၎င်းနေရာအား လောင်စာဆီဖြင့် လေတွင် ပေါက်ကွဲစေသော ဗုံးဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် သေဆုံးစာရင်းပါ အများစုမှာ တပြိုင်နက် သေဆုံးခဲ့သည်။ ကျေးရွာမှ လူများသည် ဒဏ်ရာ ရသူများအား ကယ်ဆယ်ကူညီရန် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန် သွားရောက်ခဲ့ကြသည်။ မျက်မြင် သက်သေများသည် မိသားစုဝင်များ၏ နာမည်ကို အော်ခေါ်ရင်း ဗုံးကြဲမှုကြောင့် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသည့် အခြေအနေအပေါ် အံ့သြမင်သက်နေခဲ့သည်။ “လူတွေက လမ်းတွေမှာ လဲနေပြီး ခန္ဓာကိုယ် အစိတ်အပိုင်းတွေက နေရာအနှံ့ပြန့်ကျဲနေတယ်၊”ဟု အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဆိုသည်။ “တချို့တွေက ခေါင်းမရှိ၊ လက်မရှိ၊ ခြေထောက် မရှိတော့ဘူး၊” “ရုပ်အလောင်းတွေ ဒါမှမဟုတ် သွေးကွက်တွေကို မနင်းဘဲ ခြေချလမ်းလျှောက်လို့ကို မရဘူး”ဟု အခြား မျက်မြင် သက်သေ တစ်ဦးက ပြောကြားခဲ့သည်။ ခြေထောက် တစ်ဖက် ဆုံးရှုံးလိုက်ရသော ရုပ်သံဖမ်းသူ တစ်ဦးက ၎င်းမသေဆုံးမီ ရိုက်ကူးထားသော ဗီဒီယို မှတ်တမ်း၌ “ဂျက်လေယာဉ် တစ်စင်း လာနေပြီ၊ ငါတော့ အသက်ရှင်ဦးမယ်လို့ ထင်တယ်။ အသက်ရှင်နေသေးတဲ့ သူတွေကို မြန်မြန် ကယ်ကြ၊”ဟု ဆိုကာ အကူအညီ တောင်းခံခဲ့သည်။

၁၅။ များမကြာမီ Mi-35 စစ်ရဟတ်ယာဉ် တစ်စီး ရောက်လာပြီး မြေပြင်ပေါ်ရှိ လူများအား ပစ်ခတ်ခဲ့သည်။ ကယ်ဆယ်ရေးသမားများက ထိခိုက်ဒဏ်ရာရသူများကို ကူညီကယ်ဆယ်နေရင်း ပုံးကွယ်နေခဲ့ရသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သူသည် အခြားလူ ၁၀ ဦးနှင့် အတူ တံတားငယ် တစ်ခုအောက်ရှိ ကမ်းပါးပေါ်တွင် အကာအကွယ် ယူခဲ့ရကြောင်း၊ စစ်ရဟတ်ယာဉ်က ၎င်းတို့အား ပစ်ခတ်ချိန်တွင် လူအချို့သည် စစ်ရဟတ်ယာဉ်က အုပ်စုအား ပစ်ခတ်နေမှုကို အာရုံ ပြောင်းနိုင်ရန် အုပ်စုမှ ထွက်ပြေးသွားခဲ့သည်ဟု ပြန်ပြောင်းပြောပြခဲ့သည်။ ပျောက်ဆုံးနေသော မိသားစုဝင်များအား ရှာဖွေကယ်ဆယ်နေစဉ် စစ်ရဟတ်ယာဉ်မှ ပစ်ခတ်မှုကြောင့် လူအများအပြား သေဆုံးခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူများက ပြန်လည်ပြောပြသည်။ “ရှင်သန်ကျန်ရစ်သူတွေရဲ့ အကူအညီတောင်းခံတဲ့ အော်သံတွေလည်း မကြားရတော့ဘူး၊ သူတို့အားလုံး သေဆုံးသွားကြပြီ”ဟု သူတစ်ဦးက ဆိုခဲ့သည်။

၁၆။ စစ်ရဟတ်ယာဉ် ထွက်ခွာသွားပြီးနောက် အသက်ရှင်ကျန်ရစ်သူ အများစုသည် ထိုနေရာမှ ထွက်ခွာသွားခဲ့ပြီး ဒဏ်ရာ အပြင်းအထန် ရရှိသူများကို ဆေးကုသရန် ဆိုင်ကယ်များဖြင့် သယ်ထုတ်သွားခဲ့ရသည်။ ပထမဆုံး အသုတ် ကူညီကယ်ဆယ်သူများက ဆိုင်ကယ်ပေါ်ရှိ ဒဏ်ရာ ရသူများကို သတိမလစ်စေရန် လမ်းတလျှောက် အားပေး ပြောဆိုခဲ့ကြောင်း၊ ဆိုင်ကယ်ဖြင့် သယ်ဆောင်ခဲ့သော်လည်း အချို့မှာ သေဆုံးခဲ့ကြောင်း ရှင်သန်ကျန်ရစ်သူ တစ်ဦးက ပြန်ပြောင်း ပြောပြခဲ့သည်။ ကလေးငယ် တစ်ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး အပါအဝင် ဒဏ်ရာရသူ အချို့မှာ ၎င်းတို့၏ ခြေလက်များကို ဖြတ်တောက်ခဲ့ရပြီး ထိုသို့ပြုရခြင်းမှာ မီးလောင်ဒဏ်ရာနှင့် လေယာဉ်ကျည် ဒဏ်များကြောင့် ဖြစ်ကြောင်း ဆရာဝန်များက အတည်ပြုခဲ့သည်။ ကလေးများ အပါအဝင် ရှင်သန်ကျန်ရစ်သူများသည် သိသာထင်ရှားသော စိတ်ဒဏ်ရာများ ရရှိခဲ့ကြောင်း ၎င်းက အသေးစိတ် ဖော်ပြခဲ့သည်။

၁၇။ လေကြောင်းဖြင့် လာရောက်၍ ထပ်မံတိုက်ခိုက်မည်ကို စိုးရိမ်သောကြောင့် ရုပ်အလောင်း ရှာဖွေမှုကို ခေတ္တ ရပ်ဆိုင်းခဲ့ရသော်လည်း မွန်းလွဲပိုင်းတွင် ဒေသခံများက စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ဝင်များ၏ ကူညီမှုဖြင့် ရုပ်အလောင်းများကို စစ်ဆေးခြင်းနှင့် စုဆောင်းခြင်းများ ဆက်လက် ဆောင်ရွက်ခဲ့ရသည်။ စုပေါင်း သင်္ဂြိုလ်ရန် ပြင်ဆင်သည့် အနေဖြင့် အခင်းဖြစ်ပွားရာ

နေရာ အနီးရှိ လယ်ကွင်း တစ်ခုသို့ ရုပ်ကြွင်းများကို သယ်ဆောင်ရန် ဝါးဘောင် ထမ်းစင်များအား အသုံးပြုခဲ့ရသည်။ ညနေ ၅ နာရီခွဲ ဝန်းကျင်တွင် အခြား တိုက်လေယာဉ်တစ်စင်းသည် ၎င်းဒေသ အတွင်းသို့ အနည်းဆုံး သုံးကြိမ် လှည့်ပတ်ခဲ့ပြီး ဗုံးနှင့် အခြား လက်နက်များဖြင့် ပစ်ခတ်ခဲ့သည်။ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မည်သူမျှ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ မရခဲ့သော်လည်း ဓာတ်မီး ကိုင်ဆောင်၍ ရှာဖွေခြင်းကြောင့် လေကြောင်းမှ ထပ်မံ တိုက်ခိုက်မည်ကို စိုးရိမ်သောကြောင့် ၎င်းတိုက်ခိုက်မှုအပြီးတွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအား ထိုနေ့၌ အဆုံးသတ်ခဲ့သည်။

၁၈။ လူမှုကွန်ရက်ပေါ်တွင် တင်ထားသော များပြားလှသည့် ရုပ်သံဗီဒီယိုနှင့် ဓာတ်ပုံများတွင် ပျက်ဆီးနေသော အဆောက်အအုံများ၊ လောင်ကျွမ်းနေသော ရုပ်အလောင်းများ၊ အပိုင်းပိုင်း ဖြစ်နေသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများနှင့် နေရာအနှံ့ ပျံ့ကျဲနေသည်ကို တွေ့ရသည်။ မြေပြင်မှ ဂြိုလ်တု ပုံရိပ်များနှင့် ဓာတ်ပုံများအား ဆန်းစစ်လေ့လာချက် အရ ဗုံးကျင်းရာ ၂ ပေါက်နှင့် လေယာဉ် အနိမ့်ပျံသန်း၍ ပစ်ခတ်ခြင်းများ ရှိခဲ့ကြောင်း အတည်ပြုပါသည်။ အဆောက်အအုံ အတွင်း ပေါက်ကွဲစေနိုင်သော ပစ္စည်းများ သိုလှောင်သည် ဟူသည့် စစ်တပ်၏ စွပ်စွဲချက်အား အတည်ပြုနိုင်သော သက်သေ အထောက်အထားများ မတွေ့ရပါ။ အတည်ပြုနိုင်သော သေကြေ ဒဏ်ရာရ ဓာတ်ပုံများ အားလုံးတွင် အရပ်ဝတ်ဖြင့် ကလေးများ၊ အမျိုးသမီးနှင့် အမျိုးသားများကို တွေ့နိုင်ပါသည်။ အချို့ဓာတ်ပုံများတွင် ပြင်းထန်လှသည့် အပူဒဏ်ခံခဲ့ရသော ရုပ်အလောင်းများကို တွေ့ရပါသည်။ OHCHR မှ လက်နက်ခဲယမ်း ကျွမ်းကျင် ပညာရှင်များ၏ ခွဲခြမ်းစိတ်ဖြာချက်နှင့် လက်ဝယ်ရရှိသော အခြား အစီရင်ခံစာများ[12] အရ ၎င်းတိုက်ခိုက်မှုတွင် အပူချိန်ဖြင့် သို့မဟုတ် လောင်စာဆီဖြင့် လေပေါ်တွင် ပေါက်ကွဲစေသော လက်နက်ကို အသုံးပြုခဲ့သဖြင့် "လေ ဖိအားလှိုင်း" တစ်ရပ် ဖြစ်ပေါ်ခဲ့ကာ သေဆုံးရသည့် အကြောင်းရင်း တစ်ခုဖြစ်သည့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ပြတ်တောက်မှုကို ဖြစ်ပွားစေခဲ့ပါသည်။ စိတ်ဒဏ်ရာနှင့် ခန္ဓာကိုယ်တွင် ရခဲ့သော ဒဏ်ရာဒဏ်ချက် အမျိုးအစားများ၊ အဆောက်အအုံ အပေါ် သက်ရောက်သော အပျက်အစီးတို့၏ သဘော သဘာဝများ၊ ပင်မပေါက်ကွဲသည့်နေရာ ပြင်ပရှိ လူများ ရရှိခဲ့သော မီးလောင် ဒဏ်ရာများနှင့် အကြားအာရုံ၊ အမြင် အာရုံ ဆုံးရှုံးခြင်း ကဲ့သို့ အခြားသော ဆုံးရှုံးနစ်နာမှုများသည် ၎င်းအချက်အား ထပ်လောင်း ပံ့ပိုးပေးနေပါသည်။

၁၉။ အပူချိန်ဖြင့် သို့မဟုတ် လောင်စာဆီဖြင့် လေပေါ်တွင် ပေါက်ကွဲစေသော လက်နက်များမှာ ဗုံးအရှိန်လှိုင်းနှင့် ပေါက်ကွဲမှု စက်ဝန်းကျယ်ဝန်းစေ၍ အပျက်အစီးနှင့် ထိခိုက်သေကြေမှု အမြင့်ဆုံး ဖြစ်စေရန် မျှော်မှန်း၍ မြေပေါ်မကျမီ လေပေါ်တွင် ပေါက်ကွဲစေရန် စီစဉ် ဖန်တီးထားခြင်း ဖြစ်ပါသည်။ ၎င်းဗုံးအမျိုးအစားကို နိုင်ငံတကာ ဥပဒေ အရ မတားမြစ်ထားသော်လည်း လူနေ ထူထပ်သော နေရာများ သို့မဟုတ် အရပ်သားများစွာ ရှိသည့် နေရာများတွင် အသုံးချသည့် အခါ ၎င်းလက်နက်များသည် အရပ်ဘက် စစ်ဘက် မခွဲဘဲ ဘေးသက်ရောက်မှု ရှိပြီး နိုင်ငံတကာ ဥပဒေတွင် ဖော်ပြထားသော အချိုးကျရေး အခြေခံမူအား ချိုးဖောက်နိုင်ချေ များပါသည်။ နောက်ထပ် စိုးရိမ်ဖွယ်ရာ အချက်မှာ မြန်မာ စစ်တပ်သည် အပူချိန်ထိန်း ဗုံးလက်နက်များကို အသုံးချကြောင်း ယခင်က မသိခဲ့ရသော်လည်း ယခုကဲ့သို့ အသုံးချမှုသည် အနာဂတ်တွင် အလားတူ ဗုံးလက်နက်များအား ပိုမို အသုံးချနိုင်ကြောင်း အချပြလိုက်သကဲ့သို့ ဖြစ်ပါသည်။ ထိုသို့သော လက်နက်များ၏ မူလဇစ်မြစ်နှင့် စပ်လျဉ်း၍လည်း စိုးရိမ်ပူပန်မှုများ ရှိလာပါသည်။

၂၀။ တိုက်ခိုက်မှု မဖြစ်ပွားမီ မြေပြင်မှ စုဆောင်းရရှိသော အချက်အလက်၊ စစ်လေယာဉ် အမျိုးအစားနှင့် ၎င်းတို့၏ လားရာ ဦးတည်လမ်းကြောင်း အရ Mi-35 စစ်လေယာဉ်သည် မုံရွာ အခြေစိုက် စခန်းမှ ပျံသန်းစဉ်တွင် Yak-130 သည် မန္တလေး အခြေစိုက် စခန်းမှ ထွက်ခွာသည်ဟု

[12] https://www.hrw.org/news/2023/05/09/myanmar-enhanced-blast-strike-likely-war-crime

ယုံကြည်ရန် ဆီလျော်သောအထောက်အထားများရရှိခဲ့ပါသည်။ အဆိုပါ အခြေစိုက် စခန်းများသည် စစ်တပ်၏ အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတိုင်း ကွပ်ကဲမှုအောက်၌ အသီးသီး ရှိကြပါသည်။ စစ်လေယာဉ်များနှင့် လေတပ်စခန်း အများအပြားကို အသုံးပြုခြင်းနှင့် လေတပ်နှင့် ကြည်းတပ်တို့ အကြား ပေါင်းစပ်၍ စစ်ဆင်ရေးများ ဖော်ဆောင်ခြင်းသည် မြန်မာ့ စစ်ဘက်ဆိုင်ရာ ဦးစီးကွပ်ကဲမှု ထိပ်တန်း အဆင့်တို့၌ ဗျူဟာရေးဆွဲခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း နှင့်/သို့မဟုတ် သိရှိမှု ရှိကြောင်း ပြသနေပါသည်။ ထို့အပြင် (အစီရင်ခံစာတွင် ရှေ့ဆက် ဖော်ပြထားသည့် အတိုင်း) ဦးစီး ကွပ်ကဲသည့်အဆင့်နှင့် မြေပြင်အဆင့်တပ်များ ပေါင်းစပ် ပါဝင်ခြင်းသည် မြို့တော် နေပြည်တော်၌ အခြေစိုက်သော အထူးစစ်ဆင်ရေး - ၁ ဗျူရိုမှတဆင့် စစ်တပ်၏ ထိပ်သီး ခေါင်းဆောင်ပိုင်းပင်လျှင် စစ်ဆင်ရေး၌ ပါဝင်နေကြောင်း ပြသနေပါသည်။

## ၂။ ညောင်ကုန်း

၂၁။ မြန်မာ စစ်တပ်သည် ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၂၇ ရက်နေ့တွင် (စစ်ကိုင်းတိုင်း) ပုလဲ မြို့နယ်၊ ညောင်ကုန်း ကျေးရွာ၌ ပါဇီကြီး ကျေးရွာတွင် ဖြစ်ပွားခဲ့သည့် ပုံစံတူ လေကြောင်း တိုက်ခိုက်မှုများ ထပ်မံ ပြုလုပ်ခဲ့ပြီး ၎င်းတွင် နယ်ပယ်ရပ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှု ရှိသည့် ဗုံးလက်နက်ကြီးများဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် လေယာဉ်ကျည်များဖြင့် ပစ်ခတ်မှုများလည်း ရှိခဲ့သည်။ သီးခြား လွတ်လပ်သော ဖော်ပြချက်များ အရ တိုက်ခိုက်မှုကြောင့် ရဟန်း သံဃာတော် တစ်ပါးနှင့် သူ၏ မိသားစုဝင် လေးဦး အပါအဝင် အရပ်သား ၁၀ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

၂၂။ ကျောင်းသူကျောင်းသားများသည် ဘုန်းကြီးကျောင်းအနီးရှိ မူလတန်းကျောင်း၌ နေ့ခင်းပိုင်း ကျောင်းတက်နေကြောင်း မျက်မြင်သက်သေများက ဆိုပါသည်။ မျက်မြင် သက်သေ တစ်ဦးသည် လယ်တောမှ ပြန်လာချိန်တွင် စစ်လေယာဉ်တစ်စင်း မြင်ခဲ့ကြောင်း၊ ပစ်ခတ်ခံရသူများ၏ အော်သံကို ကြားရကြောင်း ပြောပြသည်။ အခြား ရွာသားတစ်ဦးက ရေတင်နေစဉ် ၎င်း၏ အပေါ်မှ တိုက်လေယာဉ် တစ်စင်း ပျံသန်းသွားကြောင်း ကြားသိခဲ့ရသည်။ ယင်းနောက်တွင် ကျေးရွာ အပေါ် လေကြောင်းမှ တရစပ် ပစ်ခတ်တိုက်ခိုက်မှုများ ရှိခဲ့သည်။ “အရမ်း ကြောက်စရာ ကောင်းတယ်၊ [ကြဲချလိုက်တဲ့ဗုံး]လည်း အင်မတန်ကြီးတယ်၊ ကျွန်တော်တစ်ယောက်တည်းဆိုတော့ တွေးမိတယ်၊ ဒါပြည်သူတွေကို တမင်သက်သက် ပစ်ခတ်နေတာပဲ၊” ဟူ၍ ၎င်းက ပြန်ပြောင်း ပြောဆိုခဲ့သည်။

၂၃။ ပထမအကြိမ် စစ်ဂျက်လေယာဉ် ဖြတ်သန်းချိန်တွင် ဗုံးသုံးလုံး ပစ်ချခဲ့ပြီး ၎င်းဗုံးများသည် ဘုန်းကြီးကျောင်းဝန်းရှိ လူနေဆောင် တစ်ခုနှင့် အနီးအနားရှိ နေအိမ်များအပေါ် ကျရောက်ခဲ့ကာ ရဟန်း သံဃာတော်နှင့် ဆွေမျိုးများအား ထိမှန်ခဲ့ကြောင်း ရွာသားများက ဖော်ပြခဲ့သည်။ မိနစ်ပိုင်း အကြာတွင် ၎င်းတိုက်လေယာဉ်ကပင် နောက်ထပ် ဗုံးတစ်လုံး ကြဲချခဲ့ပြီး အနီးအနားရှိ နေအိမ်များ ရုတ်ချည်း မီးလောင်ကျွမ်းစေခဲ့သည်ဟု မျက်မြင်သက်သေများက ဆိုသည်။ “မီးတောက်ကြီးနဲ့ အကြီးအကျယ် မီးလောင်လိုက်တာ၊ မီးလောင်တဲ့ပုံက ဓာတ်ဆီလောင်းလိုက်တာနဲ့ တူတယ်၊”ဟု လူတစ်ဦးက ပြောကြားခဲ့သည်။ ၎င်းလေယာဉ်သည် ရွာကို တတိယအကြိမ် ဖြတ်သန်းစဉ်တွင် မြေပြင်နှင့် အလွန် နီးကပ်စွာ ပျံသန်းရင်း ဗုံးပေါက်ကွဲရာ နေရာများ သာမက အခြား နေရာများကို လေယာဉ်ကျည်ဖြင့် ပစ်ခတ်ခဲ့ရာ လယ်ခင်းများနှင့် မူလတန်းကျောင်း အပေါ် ကျည်သင့်ခဲ့သည်။

၂၄။ ပစ်ခတ်တိုက်ခိုက်မှု အပြီး မိနစ်ပိုင်း အကြာတွင် အခင်းဖြစ်ရာ နေရာသို့ အကူအညီ ပေးရန် ရောက်ရှိလာကြသူများသည် သွေးထွက်သံယို၊ သေကြေပျက်စီးမှုနှင့် ဒဏ်ရာရသူများ၏ အကူအညီ တောင်းခံသံကို မြင်တွေ့ကြားသိခဲ့ရသည်။ ကလေး သုံးဦး အပါအဝင် အခြား ဒဏ်ရာရရှိသူ အထောက် ၂၀ ကို ဆေးကုသမှု ခံယူရန် အမြန် ပို့ဆောင်နေစဉ် ဒဏ်ရာရသူ ခုနစ်ဦး ထက်မနည်း မီးဘေးမှ ကယ်ဆယ်ခဲ့ရကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောဆိုခဲ့သည်။ ဆယ်ကျော်သက် မိန်းကလေးတစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရခဲ့ပြီး ရွာသားများက သူမကို အရေးပေါ် ကုသဆောင်သို့

ပို့ဆောင်စဉ် သေဆုံးသွားခဲ့သည်။ ဖမ်းဆီးမှုနှင့် လက်တုံ့ပြန်မှုများ ကြုံရမည်ကို စိုးရိမ်၍ သူမကို စစ်တပ် ထိန်းချုပ်သည့် ဆေးကုသဆောင်များသို့ မပို့ဆောင်ခဲ့ကြောင်း မှတ်ချက်ပြုကြသည်။

၂၅။ ပစ်ခတ်တိုက်ခိုက်မှု အပြီး ရရှိသော မှတ်တမ်း ဓာတ်ပုံများကို စိတ်ဖြာလေ့လာမှု အရ ပေါက်ကွဲအား အလွန်ပြင်းထန်သော လက်နက်နှင့် သမားရိုးကျ ဗုံးလက်နက် နှစ်မျိုးစလုံးကို အသုံးပြုခဲ့ကြောင်း ညွှန်ပြနေပါသည်။ အချို့ အလောင်းများအား ဗုံးဆံသင့်သည့် ဒဏ်ရာများဖြင့် တွေ့ရပြီး အနည်းဆုံး ရုပ်အလောင်းသုံးခုမှာ အခြား ဒဏ်ရာများ မတွေ့သော်လည်း မီးလောင်ကျွမ်း ခံရသည့် ပုံကို တွေ့ရသည်။ မြေပြင်တွင် ခါးအထိနက်ကာ သုံးမီတာ အကျယ် ရှိသည့် အပေါက် ၃ ပေါက်ကို အထင်အရှား တွေ့ရှိခဲ့ရကြောင်း မျက်မြင် သက်သေများက လေ့လာတွေ့ရှိခဲ့ရာ ၎င်းမှာ ပေါက်ကွဲအား အလွန်ပြင်းထန်သော ဗုံးကို အသုံးခဲ့သည်ဟူသည့် အချက်အား ပံ့ပိုးပေးပါသည်။ အလွန် ပြင်းထန်သော အပူရှိန်နှင့် ၎င်းလေယာဉ်၏ နည်းပညာ စွမ်းပကားကြောင့် ပေရာနှင့်ချီ၍ နေအိမ် အဆောက်အအုံ အမြောက်အများ လုံးဝ လောက်ကျွမ်းလုနီးပါး မီးလောင် ပျက်စီးသည်ကို ဓာတ်ပုံများတွင် တွေ့ရသည်။ ၎င်းနေအိမ်အဆောက်အအုံများသည် ဆယ်မိနစ် အတွင်း မီးလောင် ပျက်စီးသွားကြောင်း မျက်မြင်သက်သေများက ဆိုသည်။

၂၆။ ညောင်ကုန်းကျေးရွာသည် လက်နက်ကိုင် အဖွဲ့များ မရှိသည့် အေးချမ်းသော ကျေးရွာ တစ်ရွာ အဖြစ် အစဉ်တစိုက် တည်ရှိခဲ့သည်။ ထိုသို့ လေကြောင်းတိုက်ခိုက်မှု မတိုင်မီ သို့မဟုတ် အပြီးတွင်လည်း သိသာထင်ရှားသော ဖြစ်ရပ်များ သို့မဟုတ် စစ်ဆင်ရေးများ မရှိခဲ့ကြောင်း အများ သူငါ လေ့လာနိုင်သော ယုံကြည်ရလောက်သည့် သတင်း ရင်းမြစ်များက ဆိုခဲ့သည် ဖြစ်ရာ မြန်မာ စစ်တပ်က အဘယ်ကြောင့် တိုက်ခိုက်ခဲ့သည်ကို နားလည်ရန် ခက်ခဲစေပါသည်။

## ၃။ အနန့်ပါ

၂၇။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ ၂၃ ရက်နေ့တွင် မြန်မာစစ်တပ်သည် ကချင်ပြည်နယ်၊ ဖားကန့် မြို့နယ်၊ အနန့်ပါ ကျေးရွာတွင် ကျင်းပသော ကချင် လွတ်မြောက်ရေး အဖွဲ့၏ နှစ်ပတ်လည် အခမ်းအနား တစ်ရပ်ကို ပစ်မှတ်ထားကာ လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ၎င်းအခမ်းအနားတွင် ကချင် လွတ်မြောက်ရေး တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အရပ်သား ၁၄ ဦး အပါအဝင် ၄၂ ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ကြောင်း ခိုင်လုံသော သတင်း ရင်းမြစ်များက အတည်ပြုခဲ့သည်။ သို့သော် နောက်ဆုံး သေဆုံးသူ ဦးရေမှာ သိသိသာသာ မြင့်တက်ခဲ့သည်ဟု ယုံကြည်ရသည်။[13] အဆိုပါ သေဆုံးသူ အရေအတွက်အား မှတ်တမ်းတင်ရာတွင် ဝေးလံသော ဒေသဖြစ်ခြင်း၊ ကာလကြာရှည် အင်တာနက် ဖြတ်တောက်ခံရခြင်း၊နှင့် သက်ရှင် ကျန်ရစ်သူများ သွားလာလှုပ်ရှားခွင့်မရစေရန် သာမက ဒဏ်ရာရသူများ ဆေးကုသခွင့် မရစေရန် မြန်မာစစ်တပ်၏ တားဆီးပိတ်ပင်မှုကြောင့် စိန်ခေါ်မှု အခက်အခဲများ ရှိပါသည်။ အခင်းဖြစ်ရာ နေရာမှ ဓာတ်ပုံများ အရ ရုပ်အလောင်း ၃၀ ထက်မနည်းကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

၂၈။ ည ၈ နာရီ မိနစ် ၃၀ ခန့်တွင် မြန်မာ စစ်တပ်၏ ဂျက်လေယာဉ် ၃ စင်းမှ နှစ်ကြိမ်တိုင်တိုင် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ၎င်းအခမ်းအနား တက်ရောက်နေသော နာမည်ကျော် ကချင် အနုပညာရှင် တစ်ဦးနှင့် စီးပွားရေးသမားများ သာမက ကချင် လွတ်မြောက်ရေး တပ်ဖွဲ့ဝင်များနှင့် အရပ်သားများ သေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောပြခဲ့သည်။ "ဒီနေ့က ထူးခြားတဲ့နေ့ ဖြစ်တယ်၊ အနီးအနားက ရွာက လူတွေ အများကြီး အကူအညီ လာပေးကြတယ်၊"ဟု

[13] မြေမြုပ်ရာတွင် ပါဝင်ခဲ့သူ၏ အင်တာဗျူး အရ လူပေါင်း ၂၀၀ ကျော် အသတ်ခံရသည်ဟု ဆိုသည်။ အမျိုးသား ညီညွတ်ရေး အစိုးရက သေဆုံးသူ ၁၃၀ ရှိကြောင်း သတ်မှတ်ကြေညာခဲ့သည်။ ကချင် လွတ်လပ်ရေး တပ်ကတော့ OHCHR ၏ မေးမြန်းမှုကို အကြောင်းမပြန်ခဲ့သလို မြန်မာ စစ်တပ်က "လုံခြုံရေး တပ်ဖွဲ့များသည် လက်နက်ကိုင် အကြမ်းဖက်များအား လိုအပ်သလို ချေမှုန်းခဲ့သည်"ဟုသာ ဖြေကြားရင်း သေဆုံးသူ အရေအတွက်ကို ထည့်သွင်း မပြောခဲ့ပေ။

အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောကြားခဲ့ပြီး အများစုက အနန့်ပါနှင့် ခြောက်ကီလိုမီတာခန့် ဝေးသော ဂင်ဆီ တံတားမှတဆင့် စစ်တပ် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ခဲ့ရသည်။ ကချင် လွတ်မြောက်ရေး တပ်တော်မှ ၎င်းဖြစ်ရပ်နှင့် ဆက်စပ်၍ မြန်မာ စစ်တပ်အား ဆက်သွယ်ခဲ့သည့် အပေါ် OHCHR အနေနှင့် တိုက်ရိုက် အတည်မပြုနိုင်သော်လည်း စစ်တပ်သည် အရပ်သားများ တည်ရှိမှုကို သိရှိကြောင်း ယူဆနိုင်ပါသည်။ မြန်မာစစ်တပ်သည် လေကြောင်း ပစ်ခတ်မှုနှင့် ဆက်စပ်၍ ခွဲခြားသတ်မှတ်ရေး၊ အချိုးကျရေး၊ သတိပြု ဆောင်ရွက်ရေးနှင့် စစ်ရေး လိုအပ်ချက် စသည့် အခြေခံမူများနှင့်အညီ မည်သို့ ဆောင်ရွက်ခဲ့ကြောင်း ဖြေကြားပေးရန် OHCHR မှ မြန်မာ စစ်တပ်အား တောင်းဆိုခဲ့သော်လည်း မည်သည့် အချက်အလက်မှ မရခဲ့ပေ။

၂၉။ ဗုံးကြဲမှု အပြီး အခြေအနေမှာ ရွန်းရင်းဆန်ခတ် ဖြစ်ခဲ့ပါသည်။ ရှင်သန်ကျန်ရစ်သူ တစ်ဦးက “ကျွန်တော့် ခြေထောက် ထက်ပိုင်းကျိုးသွားတာ မြင်လိုက်ရတယ်၊ ခြေထောက်မှာလည်း ဗုံးစတွေ တွေ့ရတယ်၊”ဟု ပြန်ပြောင်းပြောပြခဲ့သည်။ သူ့အား တောအတွင်းသို့ ခေါ်သွားကာ ရနိုင်သည့် ဆေးပစ္စည်းများဖြင့် ကုသပေးခဲ့ပြီး ဝါးပင်အောက်တွင် ထားခဲ့ကာ သူသည် ထိုနေရာ၌ သုံးရက်ခန့် နေခဲ့ရသည်။ “ဗုံးကြဲပြီးတဲ့နောက်ပိုင်း ရှုပ်ထွေးမှုတွေ အများကြီး ဖြစ်ခဲ့တယ်။ နေရာတကာမှာ ကိုယ်အစိတ်အပိုင်းတွေ၊ သွေးတွေအများကြီးပဲ။ လူတွေက အော်ဟစ်အကူအညီ တောင်းကြတယ်။ မှောင်နေပြီဆိုတော့ ဘာမှလည်း မမြင်ရဘူး။ လူတွေ ဘယ်မှာ ရှိသလဲ မမြင်နိုင်ဘဲ ဒဏ်ရာရတဲ့ လူတွေကို တစ်နေရာတည်းမှာ စုပြီး ထားကြတယ်။ တချို့ ရုပ်အလောင်းတွေက ခေါင်းမရှိတော့တဲ့ အတွက် သူတို့က ဘယ်သူမှန်းပြောလို့ မရတဲ့ အုပ်စုကိုလည်း သက်သက် စုထားရတယ်။”ဟု အင်တာဗျူး ဖြေဆိုသူ နောက်တစ်ဦးက ဆိုခဲ့သည်။ တချိန်တည်းမှာပင် ဂင်စီ တံတားရှိ စစ်ဆေးရေး ဂိတ်တွင် စစ်တပ်သည် ဝါးအကာများနှင့် သံဆူးကြိုးများ ချကာ အခင်း ဖြစ်ပွားရာ နေရာမှ လူများ ဆေးကုသခွင့် မရရန်နှင့် အခင်းဖြစ်ရာမှလူများအား ဖမ်းဆီးရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကယ်ဆယ်ရေးသမားများသည် ဒဏ်ရာရသူများကို ပုဆိုး (အဝတ်ချည်) ဖြင့် ထမ်းပိုး၍ စစ်တပ်က ၎င်းတို့အား မတွေ့ရန် တောထဲမှဖြတ်ကာ သယ်ယူခဲ့ရပြီး လှေလှော်၍ မြစ်ကို ဖြတ်ကူးခဲ့ရသည်။ သို့သော် လူနာအများအပြားသည် လမ်းခုလတ်၌ ကွယ်လွန် ဆုံးပါးသွားခဲ့ပြီး ၎င်းတို့ ဆုံးပါးသည့် နေရာ၌ပင် မြေမြှုပ် သင်္ဂြိုလ်ရသည် ဖြစ်ရာ စုစုပေါင်း သေဆုံးမှု အရေအတွက်ကို သိရှိဖို့ ပိုမို ခက်ခဲစေပါသည်။

၃၀။ ယင်းနောက်ပိုင်း နေ့ရက်များ၌ မြန်မာစစ်သားများသည် ဒေသ အခြေစိုက် ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့် နေရာများကို စောင့်ကြည့်စစ်ဆေးပြီး ဝင်ရောက်စီးနင်းခဲ့ရာ ဒဏ်ရာရ သူများ၏ အခြေအနေကို ပိုမို ဆိုးရွားစေခဲ့သည်။ ၎င်းဖြစ်ရပ်တွင် ဒဏ်ရာရသူများအား ဆေးကု ပေးသည့် ကျန်းမာရေး လုပ်သားများအား ပစ်မှတ်ထား ခြိမ်းခြောက်မှုများကို မြန်မာစစ်သားများက ကျူးလွန်ခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက “ဒဏ်ရာရတဲ့ ဆွေမျိုးတွေကို လက်ခံထားရင် တစ်အိမ်လုံး ဖမ်းဆီးခံရနိုင်တာကို စိုးရိမ်လို့ မိသားစုဝင်တွေက လက်မခံရဲကြဘူး၊”ဟု ဆိုခဲ့သည်။ မြန်မာ စစ်တပ်သည် အသက်ကယ်ဆယ်ရေး အကူအညီများနှင့် ဆေးဝါးကုသခွင့် မရအောင် တားဆီးပိတ်ပင်မှုများအား အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည် ဖြစ်ရာ ၎င်းသည် မျှတမှု မရှိသည့် အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာမှု ဥပဒေ နှစ်ရပ်စလုံးအား ပြင်းထန်စွာ ချိုးဖောက်သည်ဟု သတ်မှတ်ခံရနိုင်ဖွယ်ရှိပါသည်။

## ခ။ မြေပြင် စစ်ဆင်ရေး အတွင်း အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ

၃၁။ မြန်မာစစ်တပ်သည် ၎င်း၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များအား တာဝန်ခံမှု မရှိဘဲ အားကောင်းစွာ ဆက်လက် ကျူးလွန်နေစဉ်တွင် မြေပြင် စစ်ဆင်ရေးများသည် အရပ်သား လူထု အပေါ် ကြီးမားသော ခြိမ်းခြောက်မှု အဖြစ် ဆက်လက် တည်ရှိနေပါသည်။ မြန်မာ စစ်တပ်သည်

ကျေးရွာများ အတွင်း ဝင်၍ ဒေသခံများအား ဖမ်းဆီးကွပ်မျက်သည့် လုပ်ရပ်များကို အကြိမ်ကြိမ် ကျူးလွန်လေ့ရှိသည်။ မြန်မာ စစ်သည်များသည် အရှင်လတ်လတ် မီးရှို့ခြင်း၊ ကိုယ်လက် အင်္ဂါများ ဖြတ်ပစ်ခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ခေါင်းဖြတ်ခြင်း၊ ဓားဖြင့်ထိုးခြင်း၊ အပြင်းအထန် ရိုက်နှက်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုနှင့် မြေမြုပ်မိုင်းများ ရှိလျှင် လူသား တံတိုင်း အဖြစ် အသုံးပြုခြင်း အပါအဝင် အခြားသော ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ နည်းများအား အသုံးချ၍ ၎င်းတို့ ညှင်းပန်းနှိပ်စက်သော သူများ အပေါ် မှန်းဆ၍မရသော နာကျင်မှုများ သက်ရောက်စေရန် အလို့ငှာ အလွန် လူမဆန်သော လုပ်ရပ်များအား ကျူးလွန်ခဲ့ကြောင်း မျက်မြင်သက်သေများနှင့် ဓာတ်ပုံမှတ်တမ်းများက ဖော်ပြနေပါသည်။ သက်ကြီးရွယ်အိုများနှင့် ရင်ခွင်ပိုက် ကလေးများ အပါအဝင် တစ်အိမ်သားလုံး အသတ်ခံရသည့် မိသားစုများ ရှိကြသည်။ မြန်မာ စစ်တပ်သည် ၎င်းတို့ သတ်ဖြတ်ခဲ့သူများ၏ ရုပ်အလောင်းကို မီးရှို့ဖျက်ဆီးခြင်းအားဖြင့် သက်သေ ဖျောက်ဖျက်ရန် မကြာခဏ လုပ်ဆောင်လေ့ရှိသလို ၎င်းအလောင်းအား ရှာဖွေကြသူများ၌ အကြောက်တရား လွှမ်းမိုးစေရန် ရည်ရွယ်၍ ရုပ်အလောင်းများကို ခေါင်းဖြတ်ခြင်း သို့မဟုတ် ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်ခြင်းဖြင့် ချိတ်ဆွဲပြသလေ့ရှိသည်။ မြန်မာ စစ်တပ်၏ စစ်ဆင်ရေး ကာလအတွင်း အရပ်သား လူထု အကြား သေဆုံးမှု အရေအတွက်သည် ယခင် အခြေအနေနှင့် နှိုင်းယှဉ်ပါက လက်ရှိအချိန်တွင် သေဆုံးမှု အရေအတွက် အလွန်များပြားသည့် အခြေအနေသို့ ဦးတည်နေကြောင်း OHCHR က စိုးရိမ်တကြီး သတိပြုမိပါသည်။ အာဏာသိမ်းပြီးနောက် ပထမ တစ်နှစ်အတွင်း လူနှစ်ဦး သို့မဟုတ် သုံးဦး အသတ်ခံရသည့် အဖြစ်အပျက်များ ပုံမှန် ရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်၊ ဧပြီလမှစ၍ ရရှိခဲ့သည့် သတင်း အချက်အလက်များ အပေါ် သုံးသပ်ကြည့်လျှင် ခန့်မှန်းခြေ လူပေါင်း ၅၆၅ ဦး သေကြေစေခဲ့သည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုပေါင်း ၂၂ မှု ဖြစ်ပွားခဲ့ကြောင်း သိရပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပြည်သူများသည် အန္တရာယ် ကျရောက်နိုင်ခြေ အရှိဆုံး ဖြစ်ကြောင်း အတည်ပြုခဲ့ပြီး ၎င်းဒေသသည် တစ်နိုင်ငံလုံး၏ အသေအပျောက် ၈၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

## ၁။ ညောင်ပင်သာ

၃၂။ ပဲခူး တိုင်းဒေသကြီး၊ ထန်းတပင် မြို့နယ်၊ ညောင်ပင်သာ ကျေးရွာတွင် ၂၀၂၃ ခုနှစ်၊ မေလ၊ ၉ ရက်နေ့၌ စစ်တပ်သည် ရွာအတွင်း ဝင်ရောက်လာသောကြောင့် လူအများအပြား ရွာမှ တိမ်းရှောင်ထွက်ပြေးခဲ့ရကြောင်း သီးခြား လွတ်လပ်သော သတင်းရင်းမြစ်များက အတည်ပြု ပြောကြားခဲ့သည်။ နောက်နေ့တွင် စစ်ကူများ ရောက်ရှိလာပြီး မြန်မာစစ်တပ်သည် ကရင် အမျိုးသား လွတ်မြောက်ရေး တပ်တော်နှင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့တို့ဖြင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ အတိုက်အခံ တပ်များ ဆုတ်ခွာသွားပြီးနောက် ရွာဘက်မှ မီးခိုးလုံးများ တက်လာသည်ကို မြင်ခဲ့ရကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဆိုခဲ့သည်။

၃၃။ မေလ ၁၂ ရက်နေ့၌ ရွာသားများက ကျေးရွာသို့ ပထမဆုံး ပြန်လည် ရောက်ရှိလာသော အခါ ရုပ်အလောင်း ၁၉ လောင်းကို တွေ့ရှိခဲ့ပြီး အမျိုးသား ရုပ်အလောင်းများအား တစ်ပုံ၊ အမျိုးသမီးနှင့် ကလေးငယ် ရုပ်အလောင်းများအား တစ်ပုံ စသည်ဖြင့် ရုပ်အလောင်းအား နှစ်ပုံခွဲ၍ တွေ့ရှိကြောင်း ဖော်ပြခဲ့ကြသည်။ ရုပ်အလောင်းများ မီးလောင်သည့် အနံ့ကိုလည်း ရခဲ့သည်။ နောက်ပိုင်းတွင် ညှင်းပန်းနှိပ်စက်မှုများနှင့် ကိုက်ညီသည့် အမှတ်အသားများဖြင့် ရုပ်အလောင်း တစ်ခုကို ရွာသုသာန် အနီးတွင် ရှာဖွေတွေ့ရှိခဲ့ပြီး ဓာတ်ပုံရိုက် မှတ်တမ်း တင်ခဲ့သည်။ ဆိုးရွားသော ရာသီဥတု အခြေအနေကြောင့် မြန်မာစစ်တပ်သည် ရုပ်အလောင်းများအား အပြည့်အဝ မဖျက်ဆီးနိုင်ခဲ့ပေ။ ထိုသို့ ရုပ်အလောင်းများ မပျက်စီးသောကြောင့် သတင်း ရင်းမြစ်များက ရုပ်အလောင်းရှိ ဒဏ်ရာဒဏ်ချက်များအား သတိပြုနိုင်ခဲ့သလို အသက် ခုနှစ်နှစ်အောက် ကလေး သုံးဦး၊ အသက် ၁၅ နှစ်အရွယ် ကလေး တစ်ဦးနှင့် အသက် ၇၀ ကျော် အမျိုးသား နှစ်ဦး အပါအဝင် သေဆုံးသူများ မည်သူမည်ဝါ ဖြစ်ကြောင်းကို သတ်မှတ် ဖော်ထုတ်နိုင်ခဲ့သည်။ အင်တာဗျူး

ပြောကြားချက်များ အရ ကွယ်လွန်သူများတွင် မိသားစု ၈ စုခန့် ပါဝင်ကြောင်း၊ ဖြစ်ရပ် တစ်ခုတွင် မိသားစုတစ်ခုတည်းရှိ မျိုးဆက်သုံးရပ်စလုံး အသတ်ခံခဲ့ရကြောင်း သိရသည်။ မိသားစုဝင် တစ်ဦး ဆုံးရှုံးခဲ့ရသည့် ရွာသား တစ်ဦးက “တချို့ ရုပ်အလောင်းတွေက အကုန် မီးလောင်ကျွသွားတာ မဟုတ်ဘူး၊”ဟု ဆိုခဲ့သည်။ ရုပ်အလောင်းများတွင် လည်ပင်း ပြတ်ရှရာများ တွေ့ရပြီး ခန္ဓာကိုယ်မှ သွေးထွက်သည့် အမှတ်အသားများကိုလည်း ကျွန်ုပ်တို့ တွေ့ခဲ့ရသည်။ ရုပ်အလောင်းများ အနီးတွင် သွေးများဖြင့် အိုင်ထွန်းနေသည့် သွေးအိုင် ၂ ခုကိုလည်း ကျွန်ုပ်တို့ မြင်ခဲ့ရသည်။ ၎င်းတို့ မသေဆုံးမီ ညှင်းပန်းနှိပ်စက်ခံခဲ့ရပုံပေါ်သည်။ ဦးနှောက် အစိတ်အပိုင်း အချို့ မြေပြင်ပေါ်တွင် တွေ့ခဲ့ရပြီး ၎င်းတို့၏ ဦးခေါင်းများသည် မီးလောင်မကျွမ်းမီ ဒဏ်ရာရခဲ့ပုံ ပေါ်သည်။ သေဆုံးနေသော မိခင်တစ်ဦး၏ လက်ကို ကိုင်၍ ခေါင်းဒဏ်ရာကြီးဖြင့် သေဆုံးနေသော ကလေးငယ် တစ်ဦး၏ ရုပ်အလောင်းကိုလည်း မြင်တွေ့ခဲ့ကြောင်း အခြား မျက်မြင်သက်သေ တစ်ဦးက ဆိုပါသည်။

၃၄။ အဆိုပါ စစ်ဆင်ရေးအား ကျောက်ကြီးမြို့နယ် အခြေစိုက် တပ်ရင်းမှ ဗိုလ်မှူးကြီး တစ်ဦး၏ တိုက်ရိုက် ကွပ်ကဲမှုအောက်တွင် ဖော်ဆောင်နေခြင်း ဖြစ်ကြောင်း၊ ၎င်းတပ်ရင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အောက်ရှိ စစ်ကြောင်း ၇၃၊ ၅၅၉ နှင့် ၅၉၀ တို့ ပါဝင်ကြောင်း၊ စစ်ဆင်ရေး ကွပ်ကဲမှု အမှတ် ၆ လက်အောက်ခံ စစ်ကြောင်း ၈၄ နှင့် ခြေမြန်တပ်မ ၉၉ အောက်ရှိ စစ်ကြောင်း ၁၅ တို့ ပါဝင်ကြောင်း၊ ကရင် အမျိုးသား အစည်းအရုံး၏ သတင်း ထုတ်ပြန်ချက် အရ သိရသည်။[14]

## ၂။ တာတိုင်

၃၅။ မြန်မာစစ်တပ်၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွင် အမျိုးသမီးများ ပါဝင်ပြီး ၎င်းတို့အား ကွပ်မျက် သတ်ဖြတ်ခြင်း မပြုမီ မုဒိန်းမှုနှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲတိုင်ကြားချက်များရှိကြောင်း သတင်းရင်းမြစ်များက ထပ်တလဲလဲ ပြောကြားခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် မြန်မာ စစ်သား ၁၀၀ ခန့်သည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တာတိုင် ကျေးရွာအတွင်း ဝင်ရောက်ခဲ့ပြီး ရွာသား ၆၀ ခန့်ကို ဘုန်းကြီးကျောင်း အတွင်း ဖမ်းဆီးချုပ်နှောင်ခဲ့ကာ ညှင်းပန်းနှိပ်စက်မှုခဲ့သည်ဟု ဆိုကြသည်။ နောက်တစ်နေ့တွင် ၎င်းရွာမှ ထွက်ခွာစဉ် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၃ ဦးနှင့် ကလေးငယ် တစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုသို့ ခေါ်ဆောင်သွားသူများ၏ ရုပ်အလောင်းများကို ညောင်ရင် ကျေးရွာအနီးတွင် ညနေပိုင်း၌ တွေ့ရှိခဲ့ရကြောင်း ရွာသားများက ဆိုကြသည်။

၃၆။ ရုပ်အလောင်းများကို ကြည့်ရှုလေ့လာခဲ့သူများ၏ အဆိုအရ ၎င်းတို့၏ ဦးခေါင်းတွင် သေနတ် ဒဏ်ရာများနှင့် ကျောဘက်တွင် ထိုးသွင်း ဒဏ်ရာများ တွေ့ခဲ့ကြောင်း သိရသည်။ အမျိုးသမီးများမှာ ပြင်ပ အရာဝတ္ထုများဖြင့် ထိုးသွင်းခံထားသည့် ပုံကို တွေ့ခဲ့ရသဖြင့် ၎င်းမှာ လိင် အကြမ်းဖက်မှု ခံရသည့် သဘောဟု ယိုးစွပ်မှုများ ရှိကာ ဓားဖြင့်ထိုးခြင်း သို့မဟုတ် သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြင့် ကွပ်မျက်ခံခဲ့ရပုံပေါ်သည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ရုပ်အလောင်းများမှ အမျိုးသမီး နှစ်ဦးကို သိရှိပြီး ၎င်းတို့၏ အဝတ်အစားများမှာ စုပ်ပြဲနေကြောင်း ပြန်ပြောင်း ဆိုခဲ့ပါသည်။ အခြား အင်တာဗျူး ဖြေဆိုသူ တစ်ဦးက အလောင်း တစ်လောင်းကို တွေ့ခဲ့ကာ “သူတို့က ခေါင်းဖြတ်ပြီး သူ့ခေါင်းကို သစ်ပင်မှာ တင်ထားကြတယ်။ သူတို့ အင်မတန် ရက်စက်တယ်။”ဟု ဆိုသည်။

14 https://knuhq.org/admin/resources/statements/pdf/KNU%20Statement%20on%20SAC%20Burning%20and%20Killing_Massacre_at%20NyaungPinThar_Final_(Burmese)_(20230514).pdf

၃၇။ ၎င်းရွာ၌ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များ မရှိကြောင်း အင်တာဗျူး ဖြေဆိုသူ အားလုံးက ဆိုကြသည်။ မြန်မာ စစ်တပ်သည် နေအိမ်များမှ ငွေသားနှင့် ရွှေထည် ပစ္စည်းများကို လုယူခဲ့သည်ဟု အင်တာဗျူးဖြေဆိုသူများက ဆိုခဲ့သည်။ အဆိုပါ သတ်ဖြတ်မှုများ အတွက် အမှတ် ၉၉ ခြေမြန် တပ်မတွင် တာဝန်ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများနှင့် အများသူငါ ကြည့်ရှုနိုင်သော သတင်းရင်းမြစ်များက ဖော်ပြကြသည်။

## ၃။ စုန်းချောင်း

၃၈။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက် ၂ နာရီခန့်တွင် စစ်ကိုင်းတိုင်း၊ ယင်းမာပင် မြို့နယ်၊ စုန်းချောင်း ကျေးရွာရှိ ဒေသခံများသည် သေနတ်သံကြောင့် နိုးထလာခဲ့ကြသည်။ "ကျွန်တော်တို့ သေနတ်သံတွေ ကြားတော့ လန့်နိုးလာခဲ့တယ်။ ဖြစ်ကြောင်းကုန်စင်သိဖို့ အိမ်နီးနားချင်းနဲ့ သူငယ်ချင်းတွေကို ကြိုးစား ဆက်သွယ်ခဲ့ကြတယ်။"ဟု ရွာသား တစ်ဦးက ပြောပြခဲ့သည်။ အခြား လူများက ဒေသခံ ရပ်မိရပ်ဖများကို သွားခေါ်ရန် ကြိုးစားကြသည်။ လူတစ်ယောက်က သူ့ဖုန်းမြည်လာ၍ ကိုင်လိုက်စဉ်တွင် တစ်ဖက်မှ "ငါ့အိမ်ကို ဓားပြနေကြတယ်၊ ငါ့ကို လာကူပါဦး။" ဟူ၍ ဆိုပါသည်။ ဖုန်းခေါ်ဆိုသူမှာ ထိုအမျိုးသား မဟုတ်မှန်း ကျွန်ုပ်တို့ သတိပြုမိကြသည်။ အချို့လူများသည် ဖုန်းခေါ်သည့်နေရာသို့ သွားသောအခါ အဖမ်းခံခဲ့ရသည်။ အခြားသူများက ထိုသို့ ခေါ်သူမှာ မြန်မာ စစ်တပ်မှန်း သတိထားမိ၍ ကျွန်ုပ်အား ထွက်ပြေးရန် ပြောပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် နေအိမ်တစ်လုံးပြီး တစ်လုံးနောက်တွင် ပုန်းကွယ်ကာ ထွက်ပြေးခဲ့ရသည်။

၃၉။ ပျောက်ဆုံးသူများကို ရှာဖွေရာတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ တစ်ဦး၏ အဆိုအရ ကနဦး ရှာဖွေရာတွင် အသက် ၁၇ နှစ်အရွယ် လူသုံးဦး၏ ရုပ်အလောင်းကို တွေ့ခဲ့ကြောင်း ဆိုသည်။ ယင်းနောက် ရွာအပြင်ဘက်တွင် နောက်ထပ် ၁၁ လောင်းကို တွေ့ခဲ့ရပြီး ၎င်းတို့၏ လက်များမှာ နောက်ပြန် ကြိုးတုပ်ထားကြောင်း တွေ့ခဲ့ရသည်။ ရုပ်အလောင်းများတွင် ဓားဖြင့် မွှမ်းရာများ၊ ဓားထိုးရာများ၊ ပြင်းထန်သော မီးလောင်ဒဏ်ရာများ၊ မျက်လုံးများ ဖောက်ထုတ်ခြင်းနှင့် ကိုယ်အင်္ဂါ အစိတ်အပိုင်း ဖြတ်တောက်သည့် လက္ခဏာများ အပါအဝင် အခြား ဒဏ်ရာ အများအပြားကို တွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့အား မသေမချင်း အပြင်းအထန် ရိုက်သတ်ထားသည့် လက္ခဏာများ သို့မဟုတ် အဓိက သွေးကြောများအား ဖြတ်တောက်လိုက်သဖြင့် သွေးထွက်လွန်၍ သေဆုံးသည့် လက္ခဏာများကို တွေ့ခဲ့ရသည်ဟု မျက်မြင်သက်သေများက ဆိုကြသည်။ ကူညီကယ်ဆယ်ရေး အဖွဲ့ဝင်များက ရုပ်အလောင်းများအား သယ်ဆောင်ရာတွင် ၎င်းတို့၏ လည်ပင်းများမှာ သဘာဝ မကျစွာ တွဲကျနေခြင်းကြောင့် လည်ပင်းရိုးများလည်း ကျိုးနေကြောင်းကို သတိပြုမိခဲ့ကြပါသည်။ OHCHR မှ ဆန်းစစ်လေ့လာထားသည့် မှတ်တမ်းဓာတ်ပုံများကလည်း ၎င်းဖော်ပြချက်ကို အတည်ပြုခဲ့ပါသည်။ နောက်ပိုင်းတွင် အလောင်းများ တွေ့ရှိခဲ့သည့် နေရာများကို မြန်မာ စစ်တပ် တစ်ဖွဲ့က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ ကယ်ဆယ်ရေး လုပ်ငန်းများအား နှောင့်ယှက်ရန် သို့မဟုတ် သက်သေများအား ဖျောက်ဖျက်ပစ်ရန် ကြိုးပမ်းမှုဟု ယူဆနိုင်ပါသည်။

၄၀။ ၎င်းကျေးရွာသည် အောင်ဇေယျ စစ်စခန်းနှင့် တစ်မိုင် အကွာတွင် တည်ရှိသောကြောင့် ပုံမှန်အားဖြင့် ငြိမ်းချမ်းသည့် ကျေးရွာ ဖြစ်ကြောင်း၊ ၎င်းရွာအား မည်သည့် အကြောင်းပြချက်ဖြင့် တိုက်ခိုက်သည်ကို မသိရကြောင်း အင်တာဗျူး ဖြေကြားသူများက ဆိုခဲ့ပါသည်။ လက်နက် အင်အား ချိနဲ့နေသည့် ဒေသ ကာကွယ်ရေး အဖွဲ့ငယ် တစ်ဖွဲ့ ရှိသည်မှလွဲ၍ အခြား လက်နက်ကိုင် အဖွဲ့အစည်းများ မရှိခြင်းကြောင့် ၎င်းကျေးရွာတွင် ယခင်က တိုက်ပွဲဖြစ်ပွားခြင်း မရှိခဲ့ဟု ၎င်းတို့က ဆိုပါသည်။

## ဂ။ မီးရှို့ဖျက်ဆီးမှုများ

၄၁။ ရွာများအား ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြင့် မီးရှို့ဖျက်ဆီးသည့် လုပ်ရပ်များသည် အရပ်သားများ၏ ဘေးကင်းလုံခြုံမှုအား ဆက်လက် ထိပါးနေဆဲ ဖြစ်သည်။ လက်နက်ကိုင် အဖွဲ့အစည်းများ၏ စားနပ်ရိက္ခာ၊ ငွေကြေး အထောက်အပံ့၊ ထောက်လှမ်းရေး သတင်းနှင့် စစ်သားသစ် စုဆောင်း ရရှိနေမှုများအား ဖြတ်တောက်ရန် ရည်ရွယ်သည့် မြန်မာစစ်တပ်၏ "ဖြတ်လေးဖြတ်" နည်းဗျူဟာ၏ အဓိက အစိတ်အပိုင်း အနေဖြင့် မြန်မာ စစ်တပ်သည် ရန်သူဟု သတ်မှတ်ထားသော ပြည်သူလူထုအား ဒဏ်ခတ်အရေးယူရန်နှင့် အတိုက်အခံများ၏ စားနပ်ရိက္ခာ ပြတ်တောက်စေရန် အလို့ငှာ လူနေ အိမ်ခြေများကို မီးရှို့ဖျက်ဆီးရုံမျှမက စားနပ်ရိက္ခာ သိုလှောင်ရုံ၊ မျိုးစေ့ဘဏ်နှင့် ခြံမွေး တိရစ္ဆာန်များကို ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ရည်ရွယ်ချက် အရ "ဖြတ်လေးဖြတ်" မဟာဗျူဟာသည် အရပ်သား ပြည်သူတို့၏ စားနပ်ရိက္ခာနှင့် ခိုလှုံနေထိုင်ရာ နေအိမ်များကို ထိခိုက်ဆုံးရှုံးစေသည် ဖြစ်ရာ ထိုသို့ ကျေးရွာများ မီးရှို့ခံရခြင်းနှင့် အရပ်ဘက် အဆောက်အအုံများ ဖျက်ဆီးခံရခြင်းကြောင့် နိုင်ငံအတွင်း လူသားချင်း စာနာမှု အကူအညီများ လိုအပ်မှု ဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်း တစ်ရပ် ဖြစ်ပါသည်။ ထိုသို့ မီးရှို့သည့် လုပ်ရပ်များသည် အန္တရာယ်ရှိပြီး ရေရှည် သက်ရောက်မှု ရှိစေကာ မြေမြုပ်မိုင်း၊ အလွန် ဆိုးရွားသော ရာသီဥတုဒဏ်နှင့် မြွေအန္တရာယ် ကဲ့သို့ လူလုပ် ကပ်ဘေးနှင့် သဘာဝ ကပ်ဘေးအား ခံစားရသည့် အခြေအနေမျိုးသို့ အရပ်သား လူထုအား တွန်းပို့နေပါသည်။ သမားရိုးကျ အခြေအနေ တစ်ခုတွင် အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သူ၏ စည်းစိမ် ဥစ္စာနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ဆုံးရှုံးခဲ့ရကြောင်း၊ မြန်မာစစ်တပ်က သူ့အိမ်အား မီးရှို့ဖျက်ဆီးပြီးနောက် အိုးအိမ် စွန့်ခွာထွက်ပြေးနေရသည်မှာ တစ်နှစ်ကျော်လာပြီ ဖြစ်ကြောင်း၊ သူ၏ မိသားစုဝင်များသည် ရပ်ရွာ လူထု၏ စေတနာဖြင့်သာ အသက်ရှင်နေခြင်း ဖြစ်ကြောင်း ပြန်ပြောင်း ပြောပြခဲ့ပါသည်။

၄၂။ အများသူငါ ဖတ်ရှုနိုင်သည့် သတင်းရင်းမြစ်များ အရ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုရှိ မြို့နယ် ၁၀၆ ခုတွင် လူနေ အိမ်ခြေနှင့် အဆောက်အအုံ ၇၅,၀၀၀ လုံးနီးပါး မီးရှို့ခံခဲ့ရကြောင်း ဖော်ပြကြသည်။[15] ၂၀၂၃ ခုနှစ်၊ အစပိုင်းမှစ၍ အဆောက်အအုံ ၂၄,၀၀၀ ကျော် မီးရှို့ဖျက်ဆီး ခံခဲ့ရကြောင်း သတင်းအစီရင်ခံ ဖော်ပြခဲ့ရာ မြန်မာစစ်တပ်၏ စစ်ဆင်ရေး အရေအတွက် ပိုမို များပြားလာသည့် သဘော ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းတွင် နေအိမ် အဆောက်အအုံ ၅၀,၀၀၀ ကျော်နှင့် မကွေးတိုင်းတွင် ၁၀,၀၀၀ နီးပါး မီးရှို့ဖျက်ဆီးခံထားရသည် ဖြစ်ရာ မြန်မာနိုင်ငံ၏ အလယ်ပိုင်းရှိ တိုင်းဒေသကြီးများသည် မီးရှို့ဖျက်ဆီးမှုအား အဓိက တွေ့ကြုံရသည့် နေရာ အဖြစ် အတည်ပြုနိုင်ပါသည်။ ယခင်က မှတ်တမ်းတင်ထားသကဲ့သို့ပင် လက်ရှိအချိန်၌ မီးရှို့ ဖျက်ဆီးမှုများတွင် မီးလောင်မှုမှ ထွက်မပြေးနိုင်သော သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အပါအဝင် အခြား လူပုဂ္ဂိုလ်များလည်း သတ်ဖြတ်ခံရလေ့ရှိသည်။ ရနိုင်သော ကိန်းဂဏန်းများအား ဆန်းစစ်လေ့လာချက် အရ သတ်ဖြတ်ခံရသူများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အသက် ၆၀ ကျော် ပုဂ္ဂိုလ်များ သို့မဟုတ် ရုပ်ပိုင်း၊ စိတ်ပိုင်း မသန်စွမ်းသူများ ဖြစ်ကြောင်း ဖော်ပြနေပါသည်။ မြန်မာ စစ်တပ်၏ အဆိုအရ "အကြမ်းဖက် အဖွဲ့အစည်းများသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှ ဇူလိုင်လ ၁၁ ရက်နေ့ အတွင်း စစ်ကိုင်းတိုင်းရှိ အရာတော်၊ ပုလဲ၊ ချောင်းဦး၊ ကန့်ဘလူ၊ တန့်ဆည်၊ ရွှေဘို၊ စစ်ကိုင်းနှင့် မုံရွာ မြို့နယ် စသည့် ၉ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၈ ရွာနှင့် မကွေးတိုင်း အတွင်း ပေါက်မြို့နယ်ရှိ ကျေးရွာ တစ်ရွာအား မီးရှို့ဖျက်ဆီးခဲ့သည်။ စုစုပေါင်း အိမ်ခြေ ၉၂၃ လုံး၊ လျှပ်စစ် ထရန်စဖော်မာ တစ်လုံးနှင့် စပါးကြိတ်စက် တစ်လုံး မီးလောင် ပျက်စီးသွားခဲ့သည်။"ဟု ထုတ်ပြန်ခဲ့သည်။ မြန်မာစစ်တပ်က ထိုသို့ မီးရှို့ဖျက်ဆီးသည့် လုပ်ရပ်များ အတွက် ၎င်းတို့၏

15 https://ispmyanmar.com/community/wp-content/uploads/2023/08/DM-48-7x10-eng.pdf

စစ်သည်များတွင် တာဝန်မရှိကြောင်း၊ "ထိတွေ့တိုက်ခိုက်မှု ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများဖြင့် လူထု၏ အိုးအိမ်စည်းစိမ်များအား လုယက်ခိုးယူခြင်းနှင့် ဖျက်ဆီးခြင်းကို တားမြစ်ထားကြောင်း၊ တပ်မတော်သည် ၎င်းတို့၏ အဖွဲ့သားများ စည်းကမ်း လိုက်နာမှု ရှိစေရန် တင်းကျပ်စွာ ကြီးကြပ်ကွပ်ကဲနေကြောင်း" ထုတ်ပြန်ကြေညာခဲ့သည်။

၄၃။ သို့သော် မြန်မာစစ်တပ်သည် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း မပြုမီ လုယက်မှုများ ကျူးလွန်ခဲ့သလို နေအိမ်မှ လူအများ စွန့်ခွာနိုင်ရန် ဆောင်ရွက်ပေးခြင်း မရှိခဲ့ရာ ၎င်းသည် လူ့အသက်အား လုံးဝ အလေးမထားကြောင်း ပြသနေပြီး ၎င်းဖြစ်ရပ်များနှင့် ဆက်စပ်၍ ထပ်တလဲလဲ အစီရင်ခံ တင်ပြမှုများကို OHCHR မှ လက်ခံရရှိကာ မှတ်တမ်းပြုစုထားပါသည်။ သတင်းရင်းမြစ် တစ်ခု အရ မြန်မာစစ်သည် ၈၀ ခန့်သည် ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၂၅ ရက်နေ့ နံနက်တွင် စစ်ကိုင်းတိုင်း၊ ဘုတလင် မြို့နယ်မှ ထွက်ခွာလာပြီး ဆုံကုန်း ကျေးရွာအား ဝင်ရောက်စီးနင်းကာ နေအိမ်များ၊ တိရစ္ဆာန်များ၊ ရိတ်သိမ်းထားသော ဆန်နှင့် အခြား ကောက်ပဲ သီးနှံများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ဂြိုလ်တု ဓာတ်ပုံများ အရ အိမ်ခြေ ၁၇၅ လုံးမှာ လုံးဝ မီးလောင်ပျက်စီးခဲ့ကြောင်း အတည်ပြုနိုင်ခဲ့သည်။ အကြောသေနေသော အမျိုးသမီး တစ်ဦးနှင့် မျက်မမြင် တစ်ဦး အပါအဝင် သက်ကြီးရွယ်အို ဒေသခံ ၇ ဦးတို့သည် မီးလောင် သေဆုံးခဲ့သည်။ OHCHR မှ လေ့လာသုံးသပ်ထားသော မှတ်တမ်းဓာတ်ပုံများ အရ သေဆုံးသူများ၏ အိမ်ရှေ့ တံခါးပေါက်တွင် မီးလောင်ကျွမ်းထားသော အလောင်းများအား ဖော်ပြနေပါသည်။

၄၄။ အဆိုပါ မီးရှို့ တိုက်ခိုက်မှုများသည် ကျေးရွာများ အတွင်း မြန်မာ စစ်တပ်၏ ဝင်ရောက်စီးနင်းမှုနှင့် အမြောက်လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် ပေါင်းစပ် ဖြစ်ပေါ်လေ့ရှိပြီး ထိုသို့ စီးနင်း ပစ်ခတ်မှုများကြောင့် အရပ်သားလူထု အပေါ် စဉ်ဆက်မပြတ် အကြောက်တရား ကြီးစိုးစေသည် သာမက ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုလည်း ရှိစေပါသည်။ မြန်မာ စစ်တပ်သည် ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၂၁ ရက်နေ့တွင် တနင်္သာရီတိုင်း၊ လောင်းလုံ မြို့နယ်ရှိ အောက်ကျောက်ဝပ်နှင့် ညောပြင် ကျေးရွာများသို့ ရေကြောင်းဖြင့် ရောက်ရှိလာကြောင်း သီးခြား လွတ်လပ်သော သတင်းရင်းမြစ်များက အတည်ပြုခဲ့ကြသည်။ ၎င်းတို့သည် ထိုကျေးရွာ နှစ်ခု အတွင်း နေအိမ်များကို လုယက်ခြင်း၊ အဖိုးတန် ပစ္စည်းများအား ယူဆောင်သွားခြင်းနှင့် အနည်းဆုံး အိမ်ခြေ ၉၀ ခန့်ကို မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းနေ့ နှောင်ပိုင်းတွင် မြန်မာစစ်တပ်သည် ပင်လယ်ပြင်မှ ကျေးရွာများသို့ အမြောက်ဖြင့် ငါးကြိမ် ပစ်ခတ်ခဲ့သည်။ မတ်လ၊ ၄ ရက်နေ့တွင် မြေပြင် စစ်ဆင်ရေးနှင့်အတူ အကြမ်းဖက် သတ်ဖြတ်မှုများနှင့် မတ်လ ၂၁ ရက်နေ့တွင် နေအိမ်များ မီးရှို့ခြင်းနှင့် အမြောက်လက်နက်များဖြင့် ပစ်ခတ်မှုများ အပါအဝင် အချိန်တို အတွင်း အကြမ်းဖက်မှုများ တိုးလာကြောင်း ကျေးရွာသားများက မြင်တွေ့ခဲ့ရသည်။ ထိုလုပ်ရပ်များကြောင့် လူဦးရေ အမြောက်အများ နေရပ်စွန့်ခွာ ထွက်ပြေးရသလို နောက်ထပ် တိုက်ခိုက်မှုများ ရှိလာနိုင်သည်ကို ကြောက်ရွံ့သဖြင့် ၎င်းတို့၏ နေရပ်မပြန်နိုင်တော့ပေ။

၄၅။ ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၂၃ ရက်နေ့မှ ဧပြီလ၊ ၁၁ ရက်နေ့အတွင်း ကချင်ပြည်နယ်၊ ရွှေကူ မြို့နယ်၌ ဂြိုလ်တု ဓာတ်ပုံများ အရ ကျေးရွာ ၁၄ ရွာရှိ အိမ်ခြေ ၁,၄၂၄ လုံး ထိခိုက်မှု သို့မဟုတ် ပျက်စီးမှုများ ရှိခဲ့ကြောင်း တွေ့ရသည်။ မျက်မြင်သက်သေများ၏ ပြောကြားချက် အရ မတ်လ ၂၃ ရက်နေ့တွင် ခြေမြန်တပ်ရင်း အမှတ် ၁၀ နှင့် ၇၇ မှ စစ်သည် ၁၀၀ ကျော်သည် ရွှေကူ ဒေသ၏ အရှေ့ဘက်သို့ ရောက်ရှိခဲ့ကာ နောင်လက်ကြီးနှင့် မံဝိန်း ကျေးရွာများရှိ ကချင် လွတ်မြောက်ရေး တပ်မတော်နှင့် ရွှေကူ ပြည်သူ့ ကာကွယ်ရေး တပ်တို့၏ ပူးပေါင်း အင်အားနှင့် ထိတွေ့မှု တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ ဂြိုလ်တု ဓာတ်ပုံများ အရ မြန်မာ စစ်တပ်၏ တိုက်ခိုက်မှု အကျိုးဆက် အဖြစ် အဆောက်အအုံပေါင်း ၃၀၀ နီးပါးမှာ ထိခိုက်ပျက်စီးမှုနှင့် မီးလောင်ကျွမ်းမှုများ ရှိခဲ့ပါသည်။ နောက်ရက်များတွင် တိုက်ခိုက်မှုများသည် အနီးအနားရှိ အခြား ကျေးရွာများသို့ ကူးစက်လာကာ

မြန်မာ စစ်သည်များသည် မံဝိန်း၊ စီသာ၊ စီသောင်၊ စီမူလေးနှင့် စီမူကြီး ကျေးရွာများ အတွင်း ဝင်ရောက်၍ နေအိမ်များအား မီးတင်ရှို့ခဲ့ကြသည်။ စီသောင်နှင့် နမ့်လိန် ကျေးရွာများရှိ အိမ်ခြေ အဆောက်အအုံ ၅၅၇ လုံးမှ အဆောက်အအုံ ၃၅၀ သည် မြန်မာ စစ်တပ်၏ ဖျက်ဆီးခြင်း သို့မဟုတ် မီးရှို့ခြင်း ခံခဲ့ရသည်။ မံဝိန်း၊ စီမူလေးနှင့် စီမူကြီး ကျေးရွာများရှိ အိမ်ခြေ အဆောက်အအုံ တစ်ဝက်ကျော်မှာလည်း ပျက်စီးခဲ့သည်။ "ကျွန်တော့် အိမ် မီးလောင်နေတာကို အဝေးက မြင်ခဲ့ရတယ်၊ ကျွန်တော့် အိမ်ကနေ စပြီး ရွာကို မီးရှို့ခဲ့ကြတယ်၊ ကျွန်တော် အိမ်သစ် ဆောက်မလို့ စုထားတဲ့ သစ်တွေကိုလည်း မီးရှို့လိုက်တယ်၊" ဟု စီသောင် ကျေးရွာသား တစ်ဦးက ပြန်လည် ပြောပြခဲ့သည်။ မြန်မာ စစ်တပ်သည် မီးရှို့ဖျက်ဆီးရာ၌ စားနပ်ရိက္ခာ သိုလှောင်ရုံနှင့် မွေးမြူရေး တိရစ္ဆာန်များကိုလည်း အလွတ်မပေးခဲ့ပေ။

၄၆။ မီးလောင်ဖျက်ဆီးမှုနှင့် ဆက်စပ်သော သတင်းအား ကရင်၊ ကချင်၊ ချင်းနှင့် ကယား ပြည်နယ်တို့မှလည်း ပုံမှန် ရရှိခဲ့ပါသည်။ သို့သော် အိုးအိမ်စွန့်ခွာ ထွက်ပြေးရခြင်း၊ အင်တာနက် ပိတ်ခြင်းနှင့် ဂြိုလ်တု ဓာတ်ပုံများ မရရှိနိုင်ခြင်းတို့ကြောင့် အချက်အလက်များအား အပြည့်အဝ သီးခြား အတည်ပြုရာတွင် အဟန့်အတား ဖြစ်စေပါသည်။

## ၃။ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် တပ်ဖွဲ့များနှင့် အုပ်စုများ ကျူးလွန်သည့် ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများ

၄၇။ OHCHR သည် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် တပ်ဖွဲ့များနှင့် အုပ်စုများက အရပ်သား ပြည်သူအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲ သုံးစားပြုမှုများကိုလည်း ဆက်လက်မှတ်တမ်းတင်ခဲ့သည်။ ၎င်း၏ ကျူးလွန်မှု အတိုင်းအတာနှင့် ပြင်းထန်မှုမှာ မြန်မာစစ်တပ်က ကျူးလွန်သည့် ကျူးလွန်မှုများနှင့် နှိုင်းယှဉ်၍ မရသော်လည်း ၎င်းတို့၏ လုပ်ရပ်များအား ဆန်းစစ်ရာတွင် အထွေထွေ လုံခြုံရေး အခြေအနေ၊ စစ်ရေး ဆိုင်ရာနှင့် အခြား လူသိရှင်ကြား အစီရင်ခံစာများနှင့် ဆက်စပ်၍ စိတ်ချယုံကြည်ရန် ခက်ခဲသော အခြေအနေနှင့် ကျူးလွန်သူများအား သတ်မှတ် ဖော်ထုတ်ရန် အခက်အခဲတို့ကြောင့် သက်ရောက်မှု ရှိပါသည်။ အမျိုးသား ညီညွတ်ရေး အစိုးရနှင့် ဆက်စပ်မှု ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် တပ်ဖွဲ့များနှင့် အုပ်စုများသည် တရားရုံး၊ လူဝင်မှု ကြီးကြပ်ရေးရုံး၊ အကောက်ခွန် ဦးစီးဌာနရုံးများနှင့် အခြား အစိုးရ အဆောက်အအုံများကို ပစ်မှတ်ထား၍ ဒရုန်းများ၊ ဗုံးများနှင့် လက်ပစ်ဗုံးများဖြင့် ပစ်မှတ်ထား သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါသည်။ ပစ်ခတ်တိုက်ခိုက်ခံရသူ အများစုမှာ ဒေသန္တရ အုပ်ချုပ်ရေးမှူးများ၊ အစိုးရ ဝန်ထမ်းများ၊ စစ်တပ်နှင့် ဆက်နွယ်မှုရှိသော နိုင်ငံရေး ပါတီဝင်များ သို့မဟုတ် စစ်တပ် သတင်းပေး အဖြစ် စွပ်စွဲခံရသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ တခါတရံတွင် လက်နက်ကိုင် အုပ်စုများက လူမှု ကွန်ရက်မှ တဆင့် တိုက်ခိုက်မှုများ အတွက် တာဝန်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။[16] မြန်မာစစ်တပ်မှ ရရှိသည့် သီးခြား အတည်မပြုနိုင်သော သတင်း အချက်အလက်များတွင် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များနှင့် အုပ်စုများ၏ တိုက်ခိုက်မှုကြောင့် "၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ အထိ ရဟန်းနှင့် သီလရှင် ၇၅ ပါး၊ အုပ်ချုပ်ရေးမှူး ၈၂၅ ဦး၊ ပင်စင်စား ၅၇ ဦး၊ သာမန် အရပ်သားနှင့် နိုင်ငံရေး ပါတီဝင် ၄,၇၃၈

[16] OHCHR သည် အွန်လိုင်းတွင် တာဝန်ခံကြောင်း ထုတ်ပြန်သည့် အနည်းဆုံး ကြေညာစာ ၇၀ အား ဆန်းစစ် လေ့လာခဲ့ပါသည်။ သို့သော် အရေအတွက်မှာ ၎င်းထက် ပို၍ များပြားနိုင်ပါသည်။

ဦး၊ ကျောင်းဆရာ/မ ၈၀ ဦး၊ ကျန်းမာရေး လုပ်သား ၁၇ ဦး၊ ကလေးသူငယ် ၂၀၂ ဦးနှင့် အစိုးရဝန်ထမ်း ၁၅၄ ဦး အပါအဝင် အပြစ်မဲ့ ပြည်သူ ၆,၀၀၀ ဦး” သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

၄၈။ OHCHR ၏ တောင်းဆိုချက်အား တုံ့ပြန်ဖြေကြားသည့် အနေဖြင့် အမျိုးသား ညီညွတ်ရေး အစိုးရသည် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက ၎င်းတို့၏ ကျင့်ဝတ်စည်းကမ်းနှင့် အညီ နိုင်ငံတကာ ဥပဒေပါ သက်ဆိုင်သော အချက်များအား လေးစား လိုက်နာမှုရှိစေရေး အတွက် စည်းကမ်း သတ်မှတ်ခြင်းနှင့် စနစ်ယန္တရားများ ချမှတ်ခြင်းဖြင့် ကြိုးစားဆောင်ရွက်ထားကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များတွင် ကလေးသူငယ်နှင့် အရပ်သား ပြည်သူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် အကျဉ်းသားများ အပေါ် ထိတွေ့ဆက်ဆံရေး ဆိုင်ရာ ညွှန်ကြားချက်များနှင့် နည်းဥပဒေများ ထုတ်ပြန်ခြင်း၊ စွမ်းရည်မြှင့်တင်ရေး သင်တန်းပေးခြင်း၊ ထိတွေ့တိုက်ခိုက်မှု ဆိုင်ရာ စည်းကမ်းများအား ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့် လေ့လာရေးနှင့် စုံစမ်းစစ်ဆေးရေး ဆိုင်ရာ စနစ်ယန္တရားများ ချမှတ်ခြင်း၊ ဝန်ကြီးဌာနများ အကြား ပေးစာပြန်စာနှင့် အစီရင်ခံ တိုင်ကြားရေး ဗဟိုကော်မတီ တစ်ရပ်နှင့် စစ်ရာဇဝတ်များ အတွက် ဗဟို စုံစမ်းစစ်ဆေးရေး ကော်မရှင် တစ်ရပ် ဖွဲ့စည်းခြင်းတို့ ပါဝင်ပါသည်။ ယနေ့ လက်ရှိ အချိန်အထိ ၎င်းကော်မရှင်သည် တိုင်ကြားစာ ၁၈၅ စောင်ကို လက်ခံထားရှိပြီး အချို့ တိုင်ကြားချက်များတွင် မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက ကျူးလွန်သည့် ဖြစ်ရပ်များ ပါဝင်နေကာ ၎င်းအမှုတွဲများအား ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ ခုံရုံးများက အရေးယူ ကိုင်တွယ်နေပါသည်။ ပြစ်မှု ကျူးလွန်သူများ အပေါ် တာဝန်ခံမှုရှိစေရေး ကိစ္စ အပါအဝင် ၎င်းအမှုတွဲများ၏ စီရင်ဆုံးဖြတ်ချက်များနှင့် ဆက်စပ်၍ မည်သည့် အချက်အလက်မျှ မရရှိပေ။

၄၉။ ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာ စစ်တပ်နှင့် ပူးပေါင်းသည်ဟု ယူဆရသူများအား ပစ်မှတ်ထား သတ်ဖြတ်ခြင်းသည် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များနှင့် အုပ်စုများ၏ အဓိက နည်းဗျူဟာ တစ်ရပ် ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသော ဖြစ်ရပ်များတွင် လက်နက်ကိုင် ပဋိပက္ခ တစ်ရပ်နှင့် ချိတ်ဆက်မှု ရှိပါသော်လည်း ပစ်မှတ်ထား သတ်ဖြတ်ခံရသော ပုဂ္ဂိုလ်များ၏ လုပ်ရပ်များသည် ရန်လိုတိုက်ခိုက်မှုများတွင် တိုက်ရိုက် ပါဝင်ပတ်သက်မှု မရှိသည့် အခြေအနေမျိုး ရှိသောကြောင့် ပစ်မှတ်ထားခံရသော ပုဂ္ဂိုလ်များသည် အရပ်သား ပြည်သူ အဖြစ် ကာကွယ်စောင့်ရှောက်ခွင့် ဆုံးရှုံးခြင်း မရှိပေ။ ထို့ကြောင့် ပစ်မှတ်ထား သတ်ဖြတ်မှုများသည် အရပ်သားများ အပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းမှ တားဆီးကာကွယ်မှုကို ချိုးဖောက်ရာရောက်နိုင်ပါသည်။ ပစ်ခတ်တိုက်ခိုက်မှုများ အတွက် တာဝန်ရှိကြောင်း ထုတ်ပြန် ကြေညာသည့် ဖြစ်ရပ်များတွင် ဝမ်းတွင်း မြို့နယ်၊ တော်လှန်ရေး တပ်ဖွဲ့က ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ၊ ၁၇ ရက်နေ့၌ မန္တလေး တိုင်းဒေသကြီး၊ စားသောက်ဆိုင်တွင် နေ့လည်စာ စားနေသော မြို့နယ် အုပ်ချုပ်ရေးမှူး တစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် အကြောင်းကို OHCHR က သိရှိခဲ့သည်။ အုပ်ချုပ်ရေးမှူးနှင့် အတူ နောက်တစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အလားတူ ၂၀၂၃ ခုနှစ်၊ မတ်လ၊ ၂၄ ရက်နေ့တွင် မန္တလေးတိုင်း၊ ပြည်ကြီးတံခွန် မြို့နယ်ရှိ အမျိုးသမီး ရပ်ကျေး အုပ်ချုပ်ရေးမှူး တစ်ဦးကို သူမ၏ နေအိမ်၌ ပစ်ခတ်ခဲ့သည်။ ထိုပစ်ခတ်မှု အတွက် Urban Guerrilla Force-MDY နှင့် Ranger Urban တို့က တာဝန်ရှိကြောင်း ထုတ်ပြန်ကြေညာရာတွင် သူမသည် ရပ်ကွက်နေ လူထုအား ဒည့်စာရင်း တိုင်ရန် အတင်းအကျပ်ခိုင်းစေခြင်းနှင့် ပြည်သူများထံမှ ခြိမ်းခြောက်ငွေ ရယူမှုများ ပြုလုပ်ခြင်း ရှိကြောင်း စွပ်စွဲထားသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ ရက်နေ့၌ မကွေးတိုင်း၊ နတ်မောက် မြို့နယ်၌ (Magway Guerrilla Warfare)နှင့် (Peacock Warriors) အဖွဲ့သည် မူလတန်း ကျောင်းအုပ် ဆရာ တစ်ဦးကို

ပစ်ခတ်သတ်ဖြတ်ခဲ့ကာ ၎င်းတို့၏ ထုတ်ပြန်ချက်၌ မြန်မာစစ်တပ်နှင့် ပူးပေါင်း ဆောင်ရွက်မည့် မြို့နယ် ပညာရေး ဝန်ထမ်းများအား ဖိအားပေးရန် သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ကြေညာခဲ့သည်။

၅၀။ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များသည် အစိုးရ ရုံးများကို ပစ်မှတ်ထား၍ ဗုံးနှင့် လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကို OHCHR က ဆက်လက် မှတ်တမ်း တင်ခဲ့ပြီး ၎င်းတိုက်ခိုက်မှုများသည် အရပ်သားများ အကြား ဒဏ်ရာရသေဆုံးမည့် အန္တရာယ်ရှိသော်လည်း တိုက်ခိုက်မှု အများအပြား ပြုလုပ်ခဲ့ကြောင်း တွေ့ခဲ့ရသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ ဇွန်လ၊ ၅ ရက်နေ့တွင် (Brave Eagles Urban Guerrilla) အဖွဲ့က ရန်ကုန်မြို့ရှိ အခွန်ရုံး တစ်ရုံးအား ဗုံးခွဲ တိုက်ခိုက်ခဲ့ရာ ဝန်ထမ်း လေးဦးနှင့် လူနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရမှုများ အတွက် တာဝန်ရှိကြောင်းနှင့် အခွန်ရုံးတွင် တာဝန်ထမ်းဆောင်ခြင်း မရှိသော သူများလည်း ဒဏ်ရာ ရရှိခဲ့သဖြင့် တောင်းပန်ကြောင်း ကြေညာခဲ့သော်လည်း ဤတိုက်ခိုက်မှုသည် အစိုးရ ဝန်ထမ်းများနှင့် အကြမ်းမဖက် အာဏာဖီဆန်မှု လှုပ်ရှားမှုတွင် ပါဝင်ခြင်း မရှိသူများအား သတိပေးခြင်း ဖြစ်ကြောင်း ၎င်းအုပ်စုက ကြေညာခဲ့သည်။

၅၁။ ၂၀၂၃ ခုနှစ်၊ ဧပြီလလယ်တွင် သင်္ကြန်နှစ်သစ်ကူး ပွဲတော် ကျင်းပရန် မြို့အသီးသီးတွင် တည်ဆောက်ခဲ့သော ရေကစား မဏ္ဍပ်များကို ဗုံးနှင့် ဒရုန်းများဖြင့် ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း ယုံကြည်ရလောက်သည့် သတင်းရင်းမြစ်များစွာက ဖော်ပြခဲ့သည်။ ထိုသို့ ဗုံးခွဲ တိုက်ခိုက်မှု မဖြစ်ပွားမီ အဆိုပါ သင်္ကြန် မဏ္ဍပ်များသည် ပစ်မှတ်ထားခံရနိုင်သည့် အတွက် ၎င်းမဏ္ဍပ်များ အနီးသို့ မချဉ်းကပ်ရန် အဖွဲ့ အများအပြားက လူထုအား တိုက်တွန်းထားပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် မှတ်တမ်း တင်ထားသော ဖြစ်ရပ် တစ်ခု၌ ဒရုန်းမှ ချလိုက်သည့် ဗုံးတစ်လုံးသည် ရိုးရာ အကသမားများ ဖျော်ဖြေနေသည့် မဏ္ဍပ် အနီးတွင် ကျရောက် ပေါက်ကွဲခဲ့ပါသည်။ ထိုသို့ ဗုံးကျကွဲမှုကြောင့် အစိုးရ ဝန်ထမ်း အများအပြား အပါအဝင် အနည်းဆုံး လူ ၂၈ ဦး ဒဏ်ရာ ရရှိခဲ့သည်။ Loikaw People’s Defence Force နှင့် Falcon Wings အဖွဲ့တို့က အဆိုပါ တိုက်ခိုက်မှု အတွက် တာဝန်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ပါဇီကြီးနှင့် အခြား နေရာများတွင် မြန်မာ စစ်တပ်၏ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု အတွက် လက်စားချေခြင်း ဖြစ်သည်ဟု ဖော်ပြထားသည်။ အလားတူ တိုက်ခိုက်မှုများသည် မြန်မာနိုင်ငံ အနှံ့အပြားတွင် သင်္ကြန် ကာလ အတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဧပြီလ ၁၃ ရက်နေ့၌ စစ်ကိုင်းတိုင်း၊ ကြွယ်ပုံ ကျေးရွာရှိ ရေကစား မဏ္ဍပ်တစ်ခု၏ ကားရပ်နားရာ နေရာတွင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူလေးဦး သေဆုံးကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။ ထို့နေ့တွင်ပင် ရှမ်းပြည်နယ်၊ လားရှိုးမြို့၌ အခမ်းအနား ကျင်းပရာ နေရာအား ဒရုန်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခဲ့သဖြင့် လူရှစ်ဦး သေဆုံးခဲ့သည်။ ၎င်းအချက်အလက်များအား ယနေ့ အထိ သီးခြား အတည်ပြုနိုင်ခြင်း မရှိသေးပေ။

၅၂။ ထို့အပြင် လူမှုကွန်ရက်ပေါ်တွင် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ဝင်များက လူအများအား ညှင်းပန်းနှိပ်စက်နေသော ဗီဒီယိုရုပ်သံများနှင့် ဖြစ်ရပ်တစ်ခုတွင် ကွပ်မျက်မှုအား ပြသထားသည့် ရုပ်သံဗီဒီယိုအား OHCHR က စိတ်ဖြာ လေ့လာခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ၊ ၃ ရက်နေ့တွင် တင်ထားသော လူမှုကွန်ရက်ပေါ်ရှိ ဗီဒီယို တစ်ခု၌ လက်နက်ကိုင် အဖွဲ့တစ်ခု၏ အဖွဲ့ဝင်များသည် လက်ထိပ် ခတ်ခံထားရသည့် အမျိုးသမီးတစ်ဦးသည် စစ်တပ် သတင်းပေးဟု ထွက်ဆိုမှု မပြုမချင်း သူမ၏ ခေါင်းကို လက်သီးနှင့် ထိုးခြင်း၊ ကန်ကျောက်ခြင်း၊ ဆံပင်ဆွဲခြင်းနှင့် ရိုင်ဖယ် သေနတ်ဒင်ဖြင့် ရိုက်ခြင်းတို့ ပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ နောက်ပိုင်းတွင် သူမသည်

လမ်းပေါ်တွင် သေနတ်ဖြင့် ပစ်သတ်ခြင်း ခံခဲ့ရသည်။[17] ၂၀၂၃ ခုနှစ်၊ မေလတွင် တက်လာသော နောက်ထပ် ဗီဒီယို ရုပ်သံ တစ်ခု အရ ရှမ်းပြည် တိုးတက်ရေး ပါတီ (SSPP) ယူနီဖောင်း ဝတ်ဆင်ထားသည့် အမျိုးသား သုံးဦးသည် သစ်ပင်မှ တွဲလွဲချည်ထားသော လူတစ်ဦးအား စုံစမ်းမေးမြန်းနေစဉ် သစ်ပင်တွင် အချည်ခံထားရသည့် ပုဂ္ဂိုလ်မှာ သူ၏ အောက်တွင် ရှိသော မီးပုံမှ လာသည့် အပူရှိန်ဖြင့် မီးမလောင်စေရန် အတူတပြင်း ရုန်းကန်ကြိုးစားနေရပါသည်။ ၎င်းပုဂ္ဂိုလ်၏ ကံကြမ္မာ မည်သို့ ဆက်ဖြစ်သည် သို့မဟုတ် ထိုသို့ ပြစ်မှုကျူးလွန်သူများအား မည်သို့ အရေးယူဆောင်ရွက်သည် ဟူသည့် နောက်ဆက်တွဲ သတင်း အချက်အလက်များအား မရရှိတော့ပေ။

## ၄။ ရိုဟင်ဂျာများ၏ လူ့အခွင့်အရေး အခြေအနေ

၅၃။ ရခိုင်ပြည်နယ်အား လုံခြုံရေး ရှုထောင့်မှ လေ့လာကြည့်လျှင် နေရာဒေသ အများစု၌ တည်ငြိမ်နေသော်လည်း ရိုဟင်ဂျာ အသိုင်းအဝန်း၏ လူ့အခွင့်အရေး အခြေအနေမှာ အလွန် စိုးရိမ်ဖွယ်ရာကောင်းသည့် အခြေအနေတွင် ဆက်လက် ရှိနေပါသည်။ ၂၀၂၃ ခုနှစ်၊ မေလ၊ ၁၄ ရက်နေ့တွင် မိုချာ မုန်တိုင်းသည် ရခိုင်ပြည်နယ် ကုန်းတွင်းပိုင်းသို့ ဝင်ရောက် တိုက်ခိုက်ခဲ့သဖြင့် ရခိုင်ပြည်နယ် နေရာအနှံ့ ပျက်စီးခဲ့ကာ လူထု အသိုက်အဝန်း တစ်ရပ်လုံး ထိခိုက် ဆုံးရှုံးမှုများ ရှိခဲ့ပါသည်။ မုန်တိုင်း၏ သက်ရောက်မှုကြောင့် ရိုဟင်ဂျာ လူမှု အသိုက်အဝန်း၏ ဘေးကင်းလုံခြုံရေး အတွက် စိုးရိမ်မှုများ ပိုမို တိုးပွားစေပြီး ရိုဟင်ဂျာများသည် အလွန်ဆိုးရွားလှသော ခွဲခြားဆက်ဆံမှုများနှင့် နိုင်ငံတကာ ဥပဒေတွင် ဖော်ပြထားသော ကြီးလေးသည့် ရာဇဝတ်မှုများ အဖြစ် သတ်မှတ်ကောင်း သတ်မှတ်နိုင်သည့် ဆိုးရွားလှသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာလကြာရှည် ရင်ဆိုင်နေခဲ့ရပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာ ဦးရေ ၆၀၀,၀၀၀ ခန့်မှ ဦးရေ ၁၅၀,၀၀၀ ကျော်သည် အိုးအိမ် စွန့်ခွာထွက်ပြေးခဲ့ရပြီး ၎င်းတို့သည် လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်၊ အလယ်ပိုင်းရှိ ဒုက္ခသည် စခန်းများတွင် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအား အလွန်အမင်း ကန့်သတ်ခံ၍ နေထိုင်ကြရပါသည်။ ထိုသို့သော အခင်းအကျင်းများ အောက်၌ ရိုဟင်ဂျာများသည် မုန်တိုင်းဒဏ် သာမက ဘေးဒဏ်သင့် ဒေသများသို့ လူသားချင်း စာနာမှု အကူအညီများ ပေးပို့နေမှုကို တားဆီးပိတ်ပင်နေသည့် မြန်မာ စစ်တပ်၏ လုပ်ရပ် နှစ်မျိုးစလုံးကို ကြံ့ကြံ့ခံ ရင်ဆိုင်နေကြရပါသည်။ စစ်တွေနှင့် ရသေ့တောင် မြို့နယ်များရှိ နေအိမ် အားလုံး နီးပါးသည် မုန်တိုင်းကြောင့် သိသိသာသာ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြောခဲ့ကြသည်။ စစ်တွေရှိ ဒုက္ခသည် စခန်းများသည် ပင်လယ် အနီး သို့မဟုတ် ရေလွှမ်းမိုးခံရနိုင်သည့် မြေနိမ့်ပိုင်း ဒေသတွင် တည်ရှိသောကြောင့် ၎င်းစခန်းများမှ ရိုဟင်ဂျာ အများအပြားသည် မုန်တိုင်းကြောင့် အရာ အားလုံး ဆုံးရှုံးခဲ့ကြရသည်။ အလွန် ယိုင်နဲ့နေသော ယာယီတဲများသည် မုန်တိုင်း၏ လေပြင်းအားကို ခံနိုင်ရည် မရှိကြဘဲ ရိုဟင်ဂျာများက မုန်တိုင်းနှင့် ဆက်စပ်သည့် အချက်အလက်များအား လုံလောက်စွာ မရခဲ့သလို အာဏာပိုင်များကလည်း ရိုဟင်ဂျာများ ဘေးလွတ်ရာသို့ တိမ်းရှောင်ရန် ခွင့်မပြုခဲ့ပေ။ ရိုဟင်ဂျာ အသိုက်အဝန်း အချို့မှာ မြန်မာ စစ်တပ် အပေါ် ယုံကြည်မှု မရှိသည့် အပြင် စစ်တပ်၏ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု၊ ဖျက်ဆီးမှုနှင့် ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုတို့ ရှိလာမည် စိုးရိမ်သောကြောင့် မုန်တိုင်း သတိပေးချက်များအား အလေးမထားခဲ့ပေ။ စစ်တွေရှိ စခန်း တစ်ခုတွင် နေထိုင်သော ရိုဟင်ဂျာ ဦးရေ ၆,၈၀၀ ဝန်းကျင်အား ထွက်ပြေးတိမ်းရှောင်နိုင်ရန် နေရာ တစ်ခုတည်းသော နေရာ အဖြစ် အနီးအနားရှိ စာသင်ကျောင်း တစ်ခုကိုသာ သတ်မှတ်ပေးခဲ့ပြီး ၎င်းကျောင်းသည် မိသားစု

[17] ၂၀၂၂ ခုနှစ်၊ ဇွန်လ၌ စစ်ကိုင်းတိုင်း၊ တမူး မြို့နယ်တွင် ၎င်းဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သတင်းမီဒီယာများက ဖော်ပြကြသည်။

အနည်းငယ်ကိုသာ နေရာပေးနိုင်သည့် နေရာ တစ်ခုသာ ဖြစ်ကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဆိုခဲ့သည်။ မြန်မာ စစ်တပ်က OHCHR ၏ မေးမြန်းချက်ကို တုံ့ပြန် ဖြေကြားချက် အရ ၎င်းတို့သည် "ဒုက္ခသည် စခန်း ၁၇ ခုမှ စုစုပေါင်း ၁၂၅,၇၀၀ ဦးမှ ၆၃,၃၀၀ ဦးကို ဘေးကင်း လုံခြုံသော အဆောက်အအုံများနှင့် မုန်တိုင်း ဘေးကင်းခိုလှုံရာ နေရာများသို့ ကြိုတင် ရွှေ့ပြောင်းခဲ့ကြောင်း" ဆိုခဲ့သည်။

၅၄။ ကနဦး အစီရင်ခံ တင်ပြချက်များ အရ ရိုဟင်ဂျာ လူဦးရေ ၄၀၀ ကျော် သေဆုံးခဲ့သည်ဟု ဆိုကြသော်လည်း မြန်မာစစ်တပ်က ရိုဟင်ဂျာ ၁၁၆ ဦးသာ သေဆုံးခဲ့သည်ဟု တစ်ဖက်သတ် အခိုင်အမာ ပြောကြားခဲ့သည်။ မြန်မာစစ်တပ်သည် ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်နှင့် ကွဲလွဲ၍ ကြေညာသော လူပုဂ္ဂိုလ်နှင့် မီဒီယာ အဖွဲ့အစည်း မည်သည်ကိုမဆို ဥပဒေ အရ အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့သည် ဖြစ်ရာ ၎င်းအဖြစ်အပျက်နှင့် ဆက်စပ်၍ အချက်အလက် စုဆောင်းခြင်းကို ထိရောက်စွာ တားမြစ် သကဲ့သို့ ဖြစ်ပါသည်။ မြန်မာ စစ်တပ်၏ ထုတ်ပြန်ကြေညာချက်တွင် ရိုဟင်ဂျာနှင့် ပတ်သက်သည့် အချက်အလက်များအား အတိအကျ မဖော်ပြဘဲ "စုစုပေါင်း ၁၄၈ ဦး အသက်ဆုံးရှုံးခဲ့ရသည်၊" ဟုသာ စစ်တပ်က ဖော်ပြခဲ့သည်။ မြန်မာစစ်တပ်၏ ကိန်းဂဏန်းများကို ယှဉ်ထိုးကြည့်လျှင် ရိုဟင်ဂျာ လူ့အဖွဲ့အစည်းသည် အခြား လူ့အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ပါက အချိုးအစားမမျှဘဲ ထိခိုက်ခံစားရဖွယ်ရှိကြောင်း၊ ထိုသို့ ဖြစ်ရခြင်းမှာ များစွာသော ထိရှလွယ်သည့် အခြေအနေများနှင့် ဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များကို ပြတ်သားစွာ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ ရိုဟင်ဂျာများ အကြား သေဆုံးမှု အရေအတွက် ပိုမို များပြားရခြင်းမှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်သည့် ရွေးချယ်စရာ နည်းများ အကန့်အသတ်သာ ရှိခြင်းနှင့် ရိုဟင်ဂျာများ အနေဖြင့် ဘေးလွတ်ရာသို့ လွတ်လပ်စွာ သွားရောက် ခိုလှုံခွင့် မရှိသောကြောင့် ဖြစ်ကြောင်း အင်တာဗျူး ဖြေဆိုသူက ပြောဆိုခဲ့ပါသည်။ အမျိုးသမီးနှင့် ကလေးများ ကဲ့သို့ ဒေသခံလူထုသည် ရေမြင့်တက်မှုမှ ထွက်ပြေးရန် ကြိုးပမ်းစဉ်တွင် သေဆုံးမှု အများစု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မုန်တိုင်းသင့် နေရာမှ ရှောင်တိမ်းခိုလှုံရန် အတွက် မိသားစု အလိုက် စာရင်း ပေးခဲ့သော ရိုဟင်ဂျာ အမျိုးသမီး၏ အဆိုအရ မုန်တိုင်း မတိုက်မီ တစ်ရက် အလိုတွင် ခိုလှုံနည့် နေရာအားလုံး ပြည့်သွားကြောင်း သတင်းရရှိခဲ့သည်ဟု ဆိုပါသည်။ သူမ၏ မိသားစုသည် ရေလှိုင်းကြီးများမှ လွတ်မြောက်ရန် ကြိုးစားနေစဉ်တွင် သူမ၏ ကလေးငယ်သည် လှိုင်းလုံးများဖြင့် မျောပါသွားခဲ့ပါသည်။

၅၅။ မုန်တိုင်း တိုက်ခတ်မှု အပြီးတွင် မြန်မာစစ်တပ်သည် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို လက်နက်သဖွယ် အသုံးချခဲ့သည်။ မုန်တိုင်းသည် ကုန်းတွင်းပိုင်းအထိ ဝင်ရောက်ခဲ့ပြီး လေးပတ် အကြာတွင် မြန်မာစစ်တပ်က ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ အားလုံးကို ဆိုင်းငံ့လိုက်ပြီး ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ အားလုံးကို ၎င်းတို့ မြန်မာ စစ်တပ်ကသာ တိုက်ရိုက် စီမံခန့်ခွဲရမည်ဟု ညွှန်ကြားခဲ့သည်။ မြန်မာ စစ်တပ်သည် ကယ်ဆယ်ရေး ပစ္စည်း သွားရောက်ပေးအပ်သူ သို့မဟုတ် ကူညီကယ်ဆယ်ရေး လုပ်ငန်းစဉ်များ အတွက် ရန်ပုံငွေ ကောက်ခံသူများအား ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးခြင်းတို့ဖြင့် ဒေသ အခြေပြု အရပ်ဖက် လူမှု အဖွဲ့အစည်းများတွင် ဆောင်ရွက်နေသော ပံ့ပိုးကူညီရေး လုပ်ငန်းစဉ်များအား တားဆီးနှောင့်ယှက်ခဲ့ပါသည်။ လူသားချင်း စာနာထောက်မှု အကူအညီ သွားရောက် ပေးအပ်ခွင့်ကို ကန့်သတ်တားမြစ်ခြင်းသည် ရခိုင်ပြည်နယ်ရှိ ရက္ခိုင့် တပ်တော် ထိန်းချုပ်ရာ ဒေသ အပါအဝင် မြို့ပြနှင့် ကျေးလက်ဒေသရှိ ရခိုင် လူမှု အသိုက်အဝန်း အားလုံးအပေါ် သက်ရောက်မှု ရှိပါသည်။ ဒုက္ခသည် စခန်းများနှင့် ကျေးရွာများမှ အင်တာဗျူး ဖြေဆိုသူများက မြန်မာ စစ်တပ်မှ မည်သည့် အထောက်အကူမျှ မရကြောင်း သို့မဟုတ် ထောက်ပံ့မှု မဆိုစလောက်သာ ရရှိခဲ့ကြောင်း၊ ယာယီ အမိုးအကာများတွင် နေထိုင်ရပြီး စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် ဆေးဝါး စောင့်ရှောက်မှု

အလုံအလောက် ရရှိရန် ရုန်းကန်နေရကြောင်း ပြောပြပါသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သူ၏ ကလေးငယ်များ အတွက် နေ့စဉ် စားစရာ လောက်ငအောင် မပေးနိုင်ကြောင်း ပြောဆိုခဲ့ပြီး နောက်တစ်ဦး၏ အဆိုအရ မုဆိုးမ အမျိုးသမီးများသည် စားနပ်ရိက္ခာ ရရှိရေး အတွက် တောင်းရမ်းစားသောက်နေရကြောင်း၊ ၎င်းတို့သည် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုနှင့် အလွဲသုံးစားမှုများအား ကြုံတွေ့နိုင်သည့် အန္တရာယ်များ ပိုရှိလာကြောင်း ဆိုခဲ့သည်။ မုတ်သုံ မိုးရာသီတွင် ခိုလှုံခွင့် ရရှိရန် နေအိမ်ဆုံးရှုံးခဲ့သော ရိုဟင်ဂျာများသည် နေစရာ တစ်ခုခု ဖန်တီးနိုင်ရေး အတွက် အပျက်အစီး အပုံများမှ အသုံးဝင်မည့် ရရာပစ္စည်းများအား ရှာကြံစုဆောင်းနေရပါသည်။ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ရေကြောင့်ဖြစ်သောရောဂါများနှင့် ဆက်စပ်သည့် အခြေအနေများအား ကိုင်တွယ်ဖြေရှင်းရန် ကုလသမဂ္ဂ အကြီးတန်းအရာရှိများမှ ထပ်ခါတလဲလဲ တောင်းဆိုမှုများကို မြန်မာစစ်တပ်က လျစ်လျူရှုထားပြီး ရိုဟင်ဂျာများသည် အသက် ဘေးအန္တရာယ်များအား ဆိုးရွားစွာ ဆက်လက် ကြုံတွေ့နေရဆဲဖြစ်သည်။

၅၆။ ထိုသို့သော အခြေအနေ အပြင် ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ရေရှည် တည်တံ့သော နေရပ်ပြန်နိုင်ရေး အခြေအနေ ကင်းမဲ့သည့် အချိန်၌ မြန်မာစစ်တပ်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ရိုဟင်ဂျာ ဒုက္ခသည် ၁,၀၀၀ ခန့်ကို ခေါ်ယူရန် မတ်လမှစ၍ စတင် စီစဉ် ဆောင်ရွက်နေခဲ့သည်။ မတ်လတွင် မြန်မာစစ်တပ်သည် ပြန်လာမည့် သူများအား သတ်မှတ်ဖော်ထုတ်ရန် ကော့စ်ဘဇား ဒုက္ခသည် စခန်းသို့ သွားရောက်ခဲ့ပြီး မေလတွင် ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းစခန်းများသို့ ရိုဟင်ဂျာ ဒုက္ခသည်များ "သွားရောက်-ကြည့်ရှုနိုင်မည့်" ခရီးစဉ်ကို အားပေး ထောက်ခံခဲ့သည်။ ထိုသို့ ဒုက္ခသည် စခန်းသို့ သွားသည့် ခရီးစဉ် အပြီးတွင် ပါဝင်ခဲ့သူ ရိုဟင်ဂျာများက မြန်မာပြည် အတွင်း ဝင်ရောက်နေထိုင်ရန် ငြင်းဆန်ခဲ့ကာ စားဝတ်နေရေး အတွက် အခြေခံ အချက်များ မရှိကြောင်း၊ ဘေးကင်း လုံခြုံမှု ရှိရေး၊ နိုင်ငံသား အခွင့်အရေး ပြန်လည် ရရှိရေး၊ အခြေခံ လွတ်လပ်ခွင့် ရရှိရေး၊ သက်မွေးဝမ်းကြောင်းပြုခွင့်နှင့် အဓိက ဝန်ဆောင်မှုများ စသည့် အာမခံချက်များ ရရှိမှသာ မြန်မာနိုင်ငံသို့ ပြန်လာမည် ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုခဲ့ပါသည်။ သို့သော် မြန်မာစစ်တပ်က မြန်မာနိုင်ငံ ပြန်ဝင်လာမည့် ရိုဟင်ဂျာ ဒုက္ခသည်များကို ၂၀၁၇ ခုနှစ်မတိုင်မီ ၎င်းတို့ နေထိုင်ခဲ့သည့် မြေနေရာအပေါ်တွင် တည်ဆောက်ထားသော မောင်းတောရှိ "လက်ခံရေး"နှင့် "လွှဲပြောင်းရေး" စခန်းများသို့ ကနဦးတွင် ပို့ဆောင်လိမ့်မည် ဖြစ်ကြောင်း၊ ယင်းနောက် ၎င်တို့ နေအိမ်များ တည်ဆောက်ရန် ဝင်ငွေရ လုပ်ငန်း အစီအစဉ် (work-for-cash programme) ၌ ပူးပေါင်းဆောင်ရွက်မည့် နေရာဒေသအသီးသီးသို့ ရိုဟင်ဂျာများကို ပို့ဆောင်နိုင်ပါသည်။ ၎င်းအစီအစဉ်တွင် ရိုဟင်ဂျာ လူမှု အသိုင်းအဝန်းမှ ခံစားခဲ့ရသော နစ်နာမှုများနှင့် အခြား လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ အတွက် ပြန်လည် ကုစားပေးခြင်းနှင့် လျော်ကြေးပေးခြင်း ကိစ္စရပ်များလည်း မပါဝင်ပေ။ ထို့အပြင် ရိုဟင်ဂျာများသည် ၎င်းတို့ လက်မခံ ငြင်းဆန်သည့် (National Verification Cards) နိုင်ငံသား စိစစ်ခံရမည့် သူ၏ သက်သေခံ ကတ်ပြားများအား လက်ခံရန် အတင်းအကျပ် တွန်းအား ပေးခံရမည် ဖြစ်ပြီး ၎င်းကတ်သည် ၎င်းတို့၏ အဆင့်အတန်းကို နိုင်ငံရပ်ခြားမှ ရွှေ့ပြောင်း နေထိုင်သူများ အဖြစ် ကာလကြာရှည်ကန့်သတ်ထားကာ နိုင်ငံသား အခွင့်အရေး အပြည့်အဝသည့် ခွဲခြားဆက်ဆံသော စနစ် ဖြစ်ပါသည်။ မုန်တိုင်းဒဏ် သင့်ပြီး အချိန်တွင်ပင် ရိုဟင်ဂျာများမှ အရေးပေါ် အကူအညီများ ရယူနိုင်ရေး အတွက် လွတ်လပ်စွာ သွားလာခွင့်ကိုပင် မြန်မာ အာဏာပိုင်များက ကန့်သတ်ထားသည် ဖြစ်ရာ နေရပ်ပြန်လာသော ရိုဟင်ဂျာများသည် ၂၀၁၂ ခုနှစ် ကတည်းက စစ်တွေ ဒုက္ခသည် စခန်းများတွင် နေထိုင်ကြသော ရိုဟင်ဂျာများ ကဲ့သို့ လွတ်လပ်စွာ သွားလာခွင့်၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ ဝန်ဆောင်မှု ရယူခွင့်အား ပိတ်ပင် တားဆီးခံရနိုင်သလို ခွဲခြားမှုပုံစံများနှင့် လွတ်လပ်ခွင့် ဆုံးရှုံးမှုကို ခံစားရနိုင်ကြောင်း သုံးသပ်ကြပါသည်။

# ၅။ နိဂုံးချုပ်နှင့် အကြံပြု တိုက်တွန်းချက်များ

၅၇။ မြန်မာ စစ်တပ်သည် တရားဝင် ရွေးကောက်ခံ အစိုးရကို ဖြုတ်ချခဲ့ကာ အစိုးရ အဖွဲ့ဝင် အများအပြားကို ဖမ်းဆီးခဲ့ပြီး သုံးနှစ်နီးပါး အကြာ၌ လူ့အခွင့်အရေး အခြေအနေ တစ်ရပ်လုံးသည် ဆက်တိုက် ဆိုးရွားလာခြင်း၊ ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြုံတွေ့စေရန် လူထုအား တွန်းပို့လိုက်ခြင်းနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေအား ဆိုးရွားစွာ ချိုးဖောက်ခြင်းတို့ ဖြစ်ပေါ်စေပါသည်။ ဤအစီရင်ခံစာတွင် ပြစ်ဒဏ် ကင်းလွတ်ခြင်းဖြင့် လေကြောင်း တိုက်ခိုက်မှုများနှင့် မြေပြင်စစ်ဆင်ရေး ဖော်ဆောင်နေသော မြန်မာ စစ်တပ်သည် လူ့အသက်ကို အလေးမထားဘဲ အကြမ်းဖက်မှုများကို သိသိသာသာ တိုးမြင့်၍ ဆက်လက် ကျူးလွန်သည့် အတွက် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။ လူ ၁၀ ဦး သို့မဟုတ် ၎င်းထက် ပို၍ သတ်ဖြတ်မှု အဖြစ်အပျက်မှာလည်း ကာလကြာရှည်သည်နှင့် အမျှ အရေအတွက် များလာသည့် အခြေအနေ အပါအဝင် ဆိုးရွားလှသော လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံ အမျိုးမျိုးမှာ တရှိန်တိုး တိုးမြင့်လာကြောင်း OHCHR က မှတ်တမ်းတင် ထားပါသည်။ ဤအချက်အရ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီနှင့် အရှေ့တောင် အာရှ နိုင်ငံများအသင်း (အာဆီယံ) အပြင် အခြား အဖွဲ့အစည်းများက အကြမ်းဖက်မှု ချုပ်ငြိမ်းရေး၊ ကန့်သတ်ရေး၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်း စာနာမှု လမ်းကြောင်းများ ဖွင့်ပေးရေး အတွက် တောင်းဆိုချက်များကို မြန်မာ စစ်ခေါင်းဆောင်ပိုင်းက သတိမမူကြောင်း ပြသနေပါသည်။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အဖြစ်အပျက်များသည် ယခင်တွေ့ရှိချက်များနှင့် ကိုက်ညီမှု ရှိသလို ၎င်းတွေ့ရှိချက်များအား အတည်ပြုသကဲ့သို့ ရှိနေပြီး ၎င်းတွင် အရပ်သား ပြည်သူလူထု တစ်ရပ်လုံး အပေါ် မြန်မာ စစ်တပ်၏ လုပ်ရပ်ကြောင့် ဖြစ်ပေါ်လာသည့် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မြန်မာ စစ်တပ်က ကျူးလွန်နေသည့် ရက်စက်ကြမ်းကြုတ်မှုများ ပိုမိုများပြားလာမှု အကြောင်းအား အသေးစိတ် ဖော်ပြထားပါသည်။ အရပ်သား အများအပြား ရှိသည့် အချိန်တွင် စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံနှင့် ရပ်ရွာလူထု စုဝေးရာ နေရာများအား ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ ခေါင်းဖြတ်ခြင်း၊ ခြေလက် ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ဖြတ်တောက်ခြင်း၊ အဓမ္မကျင့်ခြင်း၊ ကျေးရွာနှင့် လူများအား မီးလောင်တိုက်သွင်းခြင်း၊ မွေးကင်းစ ကလေးငယ်များအား မိခင်နှင့် အတူ သတ်ဖြတ်ခြင်းနှင့် လူအများအပြား ထိခိုက်သေကြေရန် ရည်ရွယ်၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း စသည့် လုပ်ရပ်များများသည် အတိုက်အခံ အားလုံးကို ချေမှုန်းရန် အလို့ငှာ ၎င်း၏ စစ်ဆင်ရေးများအား အဆုံးစွန်ဆုံး အတိုင်းအတာ အထိ သွားမည်ဆိုသည်ကို ပြသနေပြီး ထိုသို့ လူ့အခွင့်အရေး ချိုးဖောက်မှုများ အတွက် အရေးယူသည့် တာဝန်ခံမှုရှိရေး လုပ်ငန်းစဉ် တစ်ခုကိုမျှ ဆောင်ရွက်မည့် လက္ခဏာ မတွေ့ရပေ။

၅၇။ မြန်မာလူထုသည် အစဉ်တစိုက် အကြောက်တရားဖြင့် နေထိုင်နေရကြောင်း အင်တာဗျူး ဖြေဆိုသူများနှင့် ဆွေးနွေးသူများက အမြဲတစေ ပြောဆိုကြသည်။ လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင် စစ်ဆင်ရေးများသည် မည်သူ့ကိုမဆို အချိန်မရွေး ပစ်မှတ်ထား တိုက်ခိုက်ခံရနိုင်ကြောင်း လူထုက မှန်းဆနေကြရသည်။ လက်နက်ကိုင် တိုက်ပွဲ မရှိသော သို့မဟုတ် လက်နက်ကိုင် တပ်ဖွဲ့ မရှိသော ကျေးရွာများသည် မြန်မာ စစ်တပ်၏ တိုက်ခိုက်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများအား ရင်ဆိုင်ရသည် ဖြစ်ရာ လူအမြောက်အများ သေကြေမှု၊ အိုးအိမ်စွန့်ခွာ တိမ်းရှောင်ရမှုနှင့် ပျက်စီး ဆုံးရှုံးမှုများ ဖြစ်စေပါသည်။ တရားဥပဒေ စိုးမိုးမှု လုံးဝ မရှိသည့် အခြေအနေတွင် လူအများအပြား ဖမ်းဆီးခံနေရသလို အခြေခံ လူ့အခွင့်အရေးများ ချိုးဖောက်ခံနေရပါသည်။ မီးရှို့မှုများကြောင့် အိမ်ခြေ ၇၀,၀၀၀ ဆုံးရှုံးခဲ့သလို သက်ကြီးရွယ်အိုနှင့် မသန်စွမ်းများ အပါအဝင် လူရာပေါင်းများစွာ အသတ်ခံခဲ့ရပြီး စားနပ်ရိက္ခာ သိုလှောင်ရုံများနှင့် မျိုးစေ့ဘဏ်များလည်း ပျက်စီးခဲ့သောကြောင့်

စားနပ်ရိက္ခာ ရပိုင်ခွင့်နှင့် ဆက်စပ်သည့် လူ့အခွင့်အရေး ကိစ္စရပ် အပေါ် ရုတ်ချည်းလက်ငင်း ထိခိုက်မှု ရှိသလို ရေရှည်သက်ရောက်မှုလည်း ရှိစေသည်ဟု သိရပါသည်။

၅၈။ ထိုသို့ ဆိုးရွားသော အခြေအနေတွင် မြန်မာနိုင်ငံရှိ ပြည်သူလူထုသည် ပစ်မှတ်ထား သတ်ဖြတ်ခြင်းနှင့် အများပြည်သူ သွားလာသည့် နေရာများတွင် ဗုံးခွဲတိုက်ခိုက်ခြင်း အပါအဝင် မြန်မာ စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုနှင့် သဘာဝ ဘေးအန္တရာယ်များကိုလည်း ခံစားကြရပါသည်။ မိုခါ မုန်တိုင်းသည် ရိုဟင်ဂျာ လူ့အသိုက်အဝန်းကို အချိုးအစား မညီမျှစွာ ထိခိုက်မှုရှိစေခဲ့ပြီး ဒေသတစ်ခုလုံးကိုလည်း ပျက်စီးဆုံးရှုံးစေပါသည်။ မြန်မာ စစ်တပ်သည် လူသားချင်း စာနာမှု လုပ်ငန်းစဉ်များတွင် ပံ့ပိုးကူညီပေးရမည့် အစား ကူညီ ကယ်ဆယ်ရေး လုပ်ငန်းစဉ်များ အတွက် လိုအပ်သော ခရီးသွား ခွင့်ပြုမိန့်များကို တားဆီး ပိတ်ပင်ခြင်းနှင့် အသက်ကယ်နိုင်မည့် ကူညီမှုများအား လက်နက်သဖွယ် အသုံးချခဲ့ပါသည်။

၅၉။ အရပ်သား ပြည်သူလူထု အပေါ် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား အဆုံးမသတ်နိုင်ဘဲ နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံအဆင့်များတွင် ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်မှုများအား ယခင်ကထက် ပို၍ အရေးတကြီး လိုအပ်နေပါသည်။ မြန်မာ စစ်တပ်သည် ၎င်းတို့၏ အာဏာ အလွဲသုံးစားပြုမှုနှင့် အကြမ်းဖက်မှုများအား များမကြာမီ ကာလအတွင်း ကြီးကြီးမားမား ပြောင်းလဲမည်မှာ မဖြစ်နိုင်သောကြောင့် ပိုမို ကျယ်ပြန့်သော နိုင်ငံတကာ လူမှု အသိုက်အဝန်း အနေဖြင့် မြန်မာနိုင်ငံရှိ အရပ်သားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုတို့ ပြန်လည် ရရှိရေး အတွက် အခြေအနေများ ဖန်တီးပေးရန် တာဝန်ရှိပါသည်။

၆၀။ **အထက်ဖော်ပြပါ တွေ့ရှိချက်များနှင့် ယခင်ပြုခဲ့သော အကြံပြုချက်များ အပေါ် အခြေခံ၍ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် မြန်မာ စစ်တပ်ကို ဖော်ပြပါ အချက်များဖြင့် အကြံပြု တိုက်တွန်းအပ်ပါသည်။**

(က) **နိုင်ငံအဝှမ်း အကြမ်းဖက် သတ်ဖြတ်မှု အားလုံးကို ရပ်တန့်ရန်နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးခွင့်အား အတားအဆီးမဲ့ ခွင့်ပြုရန် တောင်းဆိုထားသည့် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် S/RES/2669(2022) ကို ချက်ချင်း အကောင်အထည် ဖော်ပါ။**

(ခ) **အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအခြေစိုက် အဖွဲ့အစည်းများမှ အကူအညီ လိုအပ်နေသူ အားလုံးအတွက် ပေးအပ်မည့် အသက်ကယ်နိုင်သော လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများအား အပြည့်အဝ၊ တားဆီး ပိတ်ပင်ခြင်း မရှိဘဲ ယုံကြည်စိတ်ချစွာ ဝင်ရောက် ကူညီခွင့်ပြုပါ။**

(ဂ) **မြန်မာနိုင်ငံအား ဒီမိုကရေစီနည်းကျ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းသို့ ပြန်လည် ရောက်ရှိစေရန် အလို့ငှာ အားလုံး ပါဝင်ခွင့်ရပြီး ပွင့်လင်းမြင်သာမှု ရှိသော နိုင်ငံရေး ဖြစ်စဉ်များကို ပံ့ပိုးပေးပါ။**

(ဃ) **ရိုဟင်ဂျာ အသိုက်အဝန်းမှ လူပုဂ္ဂိုလ်များသည် နိုင်ငံမဲ့ အဖြစ် တည်ရှိသော်လည်း နေရပ် ပြန်ရန် အတင်းအကျပ် စေခိုင်းခြင်း အပါအဝင် နောက်ထပ် ဒုက္ခ မခံရစေရန် လိုအပ်သော အစီအမံ အားလုံးကို ဆောင်ရွက်ပါ။ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) မှ အမိန့်ပေးထားသည့် ကြားဖြတ် အစီအမံများနှင့် အညီ အပြည့်အဝ၊ ဆက်လက် လိုက်နာဆောင်ရွက်ပါ။**

(င) လူ့အခွင့်အရေး အခြေအနေနှင့် အထူးသဖြင့် အရပ်သားများကို အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ အပေါ် လွတ်လပ်၍ ဘက်လိုက်မှု ကင်းသော စောင့်ကြည့် လေ့လာခြင်းနှင့် အစီရင်ခံခြင်းအား ပံ့ပိုးနိုင်ရန် အလို့ငှာ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) အား မြန်မာနိုင်ငံအတွင်း အမိပ္ပာယ် ပြည့်ဝစွာ ဝင်ရောက်ခွင့်ပြုပါ။

၆၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် မြန်မာနိုင်ငံရှိ အဖွဲ့အစည်း အားလုံးကို ဖော်ပြပါ အချက်များဖြင့် အကြံပြု တိုက်တွန်းအပ်ပါသည်။

(က) နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို လေးစားလိုက်နာရန်နှင့် သက်ဆိုင်ပါက နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာဥပဒေများကို အပြည့်အဝလိုက်နာရန်၊ အထူးသဖြင့် အရပ်သားများနှင့် တိုက်ပွဲမဝင်နိုင်တော့ သူများအား အကာအကွယ် ပေးရေးဆိုင်ရာ စံနှုန်းများကို လေးစားလိုက်နာပါ။

(ခ) နိုင်ငံတကာနှင့် နိုင်ငံ အခြေစိုက် အဖွဲ့အစည်းများမှ လိုအပ်နေသူ အားလုံးထံသို့ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများအား အချိန်နှင့် တပြေးညီ ဝင်ရောက်ခွင့် ပြုပြီး ပံ့ပိုး ကူညီဆောင်ရွက်ခွင့် ပေးပါ။

(ဂ) မြန်မာနိုင်ငံတွင် အရပ်သားလူထု အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် ဆက်စပ်၍ သက်သေ အထောက်အထားများ စုဆောင်းခြင်း လုပ်ငန်းစဉ်များကို ပံ့ပိုးကူညီရန် အလို့ငှာ သက်ဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့များနှင့် တာဝန်ခံမှု ယန္တရားများဖြင့် ပူးပေါင်းဆောင်ရွက်ပါ။

၆၂။ အမျိုးသား ညီညွတ်ရေး အစိုးရ အပါအဝင် တာဝန်ဝတ္တရား စောင့်ထိန်းရမည့် အဖွဲ့အစည်းများသည် လက်နက်ကိုင် အဖွဲ့အစည်းများ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင် ရှိသော အရပ်သားများအား ၎င်းတို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု အပေါ် စေ့စေ့စပ်စပ်နှင့် ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးရန်နှင့် ပြစ်မှုကျူးလွန်သောသူများကို အဆိုပါ ပြစ်မှုများ အတွက် တာဝန်ခံမှု ရှိစေရန် အရေးယူ ဆောင်ရွက်ရမည် ဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက အကြံပြုထားပါသည်။

၆၃။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေ အလုံးစုံကို နိုင်ငံတကာ ရာဇဝတ် ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ထပ်လောင်း တောင်းဆိုလိုက်ကာ ပါဝင် ပတ်သက်နေသော အဖွဲ့အစည်းများအား လွှမ်းမိုးနိုင်သော ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများအား အောက်ဖော်ပြပါ အချက်များကို အကြံပြု တိုက်တွန်းအပ်ပါသည်။

(က) အခြေအနေ ဆက်လက် ဆိုးရွားနေသည့် မြန်မာနိုင်ငံ၏ ဖြစ်စဉ်များအား အထူး အာရုံစိုက်၍ စောင့်ကြည့်လေ့လာပါ။ လူ့အခွင့်အရေး ချိုးဖောက်မှုအား မှတ်တမ်းတင်မှုနှင့် တာဝန်ခံမှု ရှိရေး ဆောင်ရွက်ချက်များ အပေါ် ပံ့ပိုးပေးပါ။

(ခ) ဖော်ပြပါ ရည်ရွယ်ချက်များ အတွက် မြန်မာ စစ်တပ်ထံသို့ စစ်လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ စစ်သုံးယာဉ်များနှင့် စစ်အသုံးအဆောင် ပစ္စည်းများ၊ စစ်ဘက် အရပ်ဘက် နှစ်မျိုးသုံး ကိရိယာများနှင့် စစ်လေယာဉ်သုံးဆီအား ထောက်ပံ့ပေးမှု သာမက ဖြစ်နိုင်လျှင်

နိုင်ငံခြား ငွေကြေး ရရှိစေသော လမ်းကြောင်းများကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်သော ဖြစ်စေ လုံး၀ တားဆီးပိတ်ပင်နိုင်ရန် သေချာ ဆောင်ရွက်ပါ။

(ဂ) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားချင်း စာနာမှု ဥပဒေတို့အား ချိုးဖောက်ရန် သို့မဟုတ် ချိုးဖောက်မှု အပေါ် ပံ့ပိုးကူညီပေးရန် အတွက် အသုံးပြုမည့် ဘဏ္ဍာရေး ဝင်ငွေများ မြန်မာစစ်တပ်ထံသို့ မရောက်နိုင်ရန် ပုဂ္ဂလိက လုပ်ငန်း ကဏ္ဍနှင့် ပူးတွဲ ဆောင်ရွက်ပါ။

(ဃ) မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် အခြား ဒေသရှိ ရိုဟင်ဂျာများသည် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် နေအိမ် အမိုးအကာများ သေချာရရှိစေရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူ ရိုဟင်ဂျာများများအား ခိုလှုံခွင့် ပေးရေး အပါအဝင် ၎င်းတို့အား ပြန်လည် နေရာချထားရေး နေရာသို့ ၎င်းတို့၏ ဆန္ဒအလျောက် သွားနိုင်ရန် လက်တွေ့ကျကျ ဆောင်ရွက်ပါ။